ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ခမ္မပဒ-၆၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 27 April 2025 ၁၁၈၀၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား

စစ်လက်နက်နှင့်စစ်အသုံးအဆောင်ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည်ဖြစ်သည့်အတွက် အရည်အသွေးပိုကောင်းသည်ထက်ကောင်းအောင်၊ စွမ်းဆောင်နိုင်ရည် မြင့်မားသည်ထက် မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၆

(၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ အငြိမ်းစား တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ခရမ်းသီး စိုက်ပျိုးခြင်းနှင့် ကျန်းမာရေး

ဆောင်းပါး
စာမျက်နှာ » ၆



တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှု (ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

စာမျက်နှာ » ၁၁



လူငယ်မောင်မယ်များအတွက် ရေကြောင်းနှင့် လေကြောင်း လူငယ် အခြေခံသင်တန်းများ

ဆောင်းပါး စာမျက်နှာ » ၂၃

လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၆

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အား အလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၅ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ယနေ့ ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံက ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီပေးသည့် ဆေးဝါးပစ္စည်း စုစုပေါင်းတန်ချိန် ၅ ဒသမ ၉၇ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

၂၆ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၆၆၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေအိမ်အဆောက်အအုံများ တည်ဆောက်ရေး နိုင်ငံတော်က စနစ်တကျဆောင်ရွက်ပေး

ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့က အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၀ ခုတို့ ထိခိုက်ခံစားကြရပြီး အဆိုပါဒေသများရှိ အိမ်ထောင်စုပေါင်း ၁၂၈၉၆၅ စု၊ လူဦးရေ ၆၂၉၂၀၆ ဦး ငလျင်ဘေးဒဏ် ကြုံတွေ့ခဲ့ရသည်။ ဧပြီလ ၂၃ ရက်နေ့ ကောက်ယူထားသော စာရင်းအရ ကယ်ဆယ်ရေးစခန်း ၁၃၅ ခုသို့ ပြောင်းရွှေ့နေထိုင်သူ ၄၈၆၅၆ ဦးရှိပြီး မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့နေထိုင်သူ ၁၅၃၂၃၉ ဦးရှိသည်။ ငလျင်ဒဏ်ခံရသော်လည်း မိမိတို့၏နေအိမ်တွင်ပင် ဆက်လက်နေထိုင်သူ ၄၂၁၃၁၁ ဦးရှိသည်ကို တွေ့ရသည်။

အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ စံသတ်မှတ်ချက်များတွင် အဆင့်(၁) ဘေးအန္တရာယ်ထိခိုက်ခံရသော ဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိ စိစစ်ခြင်း၊ အဆင့်(၂) ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များအပေါ်မူတည်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အပိုင်း ပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့်(၃) ဘေးဒုက္ခရောက်သော မျက်မြင်လူနာများအား ဦးစားပေးအဆင့်အလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ အဆင့်(၄) ပြိုကျပျက်စီးနေသော အဆောက်အအုံအတွင်း ပိတ်မိနေသောလူနာများ၊ အသက်ရှင်ကျန်ရစ်သူများ ထပ်မံကျန်ရှိမှု ရှိ/မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးကို ခေတ်မီနည်းပညာမြင့် ပစ္စည်းများအသုံးပြု၍ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အဆင့်(၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အား၊ စက်အင်အားအသုံးပြု၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ငလျင်ဒဏ်ခံရသည့် ပြည်သူများအနေဖြင့် မိမိတို့အမြဲတမ်းနေထိုင်ခဲ့သော နေအိမ်များကိုသာ သံယောဇဉ်ရှိကြပြီး မတတ်သာ၍သာ မိမိတို့အိုးအိမ်များကို စွန့်လွှတ်ခဲ့ကြရခြင်းဖြစ်သည်။ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော နေအိမ်အဆောက်အအုံများ၏အခြေအနေနှင့် အန္တရာယ်အဆင့် သတ်မှတ်ချက်များအရ နေထိုင်ရန်သင့်/ မသင့်ကို လက်ခံကြရမည်ဖြစ်သည်။ လုံးဝပျက်စီးပြိုကျသွားသော နေအိမ်အဆောက်အအုံများအနေဖြင့် အပြိုအပျက်များကို ဖြိုဖျက်ရှင်းလင်းရန်နှင့် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် ဆုံးရှုံးနစ်နာမှုနှင့်အခက်အခဲများ များစွာရှိမည်ဖြစ်သော်လည်း မိသားစုအလိုက် တတ်နိုင်/မတတ်နိုင်မှုများနှင့် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများကို ရယူ၍ မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ နေအိမ်ကွဲအက်ပျက်စီးမှုများနှင့်ပတ်သက်၍ ကျွမ်းကျင်သူအင်ဂျင်နီယာများ၏ စနစ်တကျတွက်ချက်ဆောင်ရွက်မှုအတိုင်း လုပ်ကိုင်သင့်သည်။

ဝန်ထမ်းများနှင့်ပတ်သက်၍ ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအလိုက် အဆင့်(၁) စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ နိုင်ငံတကာအသိအမှတ်ပြု အရောင်သုံးမျိုးဖြစ်သည့် အပြာရောင်၊ အနီရောင်၊ လိမ္မော်ရောင် သတ်မှတ်ချက်များကို အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့်အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီက စစ်ဆေးခဲ့သည်။ အဆင့်(၂)အရ အထူးစစ်ဆေးရေးအဖွဲ့များက စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိသည်။ အထူးသဖြင့် အနီရောင်နှင့်လိမ္မော်ရောင်အဆင့်သည် အလတ်စားနှင့် အကြီးစား ပြန်လည်ပြုပြင်တည်ဆောက်ရမည်ဖြစ်သည်။ ပြင်ဆင်မှုများကို အင်ဂျင်နီယာ၊ ဘူမိဗေဒနှင့်ငလျင်ပညာရှင်များပါဝင်သည့် အကြံပြုစစ်ဆေးရေးအဖွဲ့များ၏ အကြံပြုချက်များအတိုင်း အချိန်ယူပြင်ဆင်ရမည်ဖြစ်သည်။

အပြာရောင်သတ်မှတ်သည့် အိမ်ရာများကိုမူ အနည်းငယ်ပျက်စီးသည့် အုတ်နံရံမဆလာကွာကျမှု၊ ပြတင်းတံခါးများပြုပြင်မှု၊ ရေ/မီးနှင့်မိလ္လာစနစ်များ ပြုပြင်မှုအတွက် မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန အစီအစဉ်ဖြင့်လည်းကောင်း ပြုပြင်ကြရန်လိုသည်။ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် နေထိုင်ကြရသော ဝန်ထမ်းများအနေဖြင့် လတ်တလောတွင် မိမိတို့အစီအစဉ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း နေထိုင်ရန်နေရာချထားပြီး ယာယီနေရာချထားပေးရန် လိုအပ်သည့်ဝန်ထမ်းမိသားစုများအား အချိန်မီယာယီအမိုးအကာ အောက်သို့ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြန်လည်ထူထောင်ရေးအတွက် မူဝါဒများ ချမှတ်ပေးခဲ့ပြီး အဆောက်အအုံများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေစမ်းသပ်မှုဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများ ငလျင်ကြောပေါ်တွင် ရောက်ရှိမနေစေရေးဆန်းစစ်ခြင်း၊ ရစ်(ချ်)တာစကေး ၈ အထိ ခံနိုင်ရည်ရှိသော အဆောက်အအုံများဆောက်လုပ်ခြင်း၊ အရေးပေါ်ကာလဖြစ်ပေါ်နေချိန်တွင် မတော်လောဘအခွင့်အရေးရှာသူများနှင့် နှောင့်ယှက်ဖျက်ဆီးသူများကို အရေးယူခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအနေဖြင့် မိမိတို့တွယ်တာတန်ဖိုးထားသော နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရေး၊ အသစ်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏စေတနာကို နားလည်သဘောပေါက်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အားတက်သရောပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်လှစ်ပေးစဉ်။



ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်နှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းတို့က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ပုံးမှ

ဦးစွာ ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့

ထို့နောက် ခန်းမအတွင်း၌ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေး ပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စစ်လက်နက် ပစ္စည်းများထုတ်လုပ်မှုနှင့် ပတ်သက်သည့် အတိတ်သမိုင်းကို ပြန်သုံးသပ်ကြည့်မည်ဆိုပါက ကုန်ဘောင်ခေတ်နှောင်းပိုင်းဖြစ်သည့် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်နက်အားကိုးဖြင့် ကျူးကျော်လာမည့် အခြေအနေကို ရင်ဆိုင်ရန်အတွက် အိမ်ရှေ့စံကနောင်မင်းသားကြီးက စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံများ စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း။

သတ်မှတ်ခဲ့


ထို့ကြောင့် ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ မဲနယ်စက်ရုံများနှင့် သံဖိုရုံများအပြင် လက်နက်ငယ်များ၊ အမြောက်ကြီးငယ်များနှင့် ဗုံးဆန်၊ အမြောက်ဆန်များ သွန်းလုပ်နိုင်သည့် စက်ရုံများ တည်ထောင်နိုင်ခဲ့ပြီး ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲမှုများကိုပင် ဆောင်ရွက်နိုင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်တွင်းရောင်စုံသူပုန်များ၏ သောင်းကျန်းပုန်ကန်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ရရှိပြီးစ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မြန်မာ့တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး ခက်ခက်ခဲခဲ ကာကွယ်စောင့်ရှောက်ခဲ့ရသည့် သမိုင်းကြောင်းသည် အထင်အရှားရှိခဲ့ကြောင်း၊ အဆိုပါကာလတွင် တပ်မတော်ခေါင်းဆောင်များ အနေဖြင့် ကိုယ့်ပြည်တွင်းမှာပင် လက်နက်/ခဲယမ်းများ ထုတ်လုပ်နိုင်ရန် ကြံစည် ကြိုးပမ်းခဲ့ကြကြောင်း၊ ၁၉၅၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် ဖွဲ့စည်းပုံနှင့် စနစ်တကျ ဖွဲ့စည်းပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် ယနေ့သည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ တည်ထောင်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနား တက်ရောက်လာကြသည့် အငြိမ်းစားကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားစဉ်။

☆ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ်ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာကာလအတွင်း ကောင်းမွန်သော အစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်းတာဝန်ယူ ဆက်လက်ထိန်းသိမ်းကြရန်နှင့် တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က (၇၅)နှစ်မြောက် စိန်ရတု ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က လက်ခံရယူစဉ်။

☆ စာမျက်နှာ ၃ မှ

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့အနေဖြင့် **"Power To The Forces" "တပ်မတော်အတွက် စွမ်းအားဖြစ်စေရမည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စစ်လက်နက်ပစ္စည်းအမျိုးမျိုးအား စွမ်းရည်ပြည့်ဝစွာ တပ်မတော်သို့ ထုတ်လုပ် ပေးသွင်းနိုင်ခဲ့သည့်အတွက် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင် ခဲ့ကြသည့် တပ်ဖွဲ့အကြီးအကဲများ၊ တပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊ စစ်လက်နက်နှင့် စစ်အသုံးအဆောင် ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည် ဖြစ်သည့်အတွက် အရည်အသွေးပိုကောင်းသည်ထက် ကောင်းအောင်၊ စွမ်းဆောင်နိုင်ရည် မြင့်မားသည်ထက် မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပါဝင်ဆောင်ရွက်

ထို့အပြင် ထူးခြားထင်ရှားသည့် စွမ်းဆောင်ချက်တစ်ရပ်အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ထုဆစ်ပူဇော်ပြီးမြောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး စကျင်ကျောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ထားကိုးကွယ်ရာ တွင်လည်း ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် အဓိက အခန်းကဏ္ဍမှနေ၍ ထူးခြားစွာ ပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်မှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာ ပညာရပ်အလိုက် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင် တံဆိပ်များကို နိုင်ငံတော်မှ ဂုဏ်ပြု ချီးမြှင့်လျက်ရှိရာတွင် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှု တပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများထဲမှ နိုင်ငံတော်အဆင့်၊ တပ်မတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ လက်မှတ်ရရှိသူ စုစုပေါင်း ၅၁၃ ဦး ထိုက်တန်စွာ ရရှိခဲ့ကြသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

စဉ်ဆက်မပြတ်ပါဝင်

ကာကွယ်ရေးပစ္စည်း ထုတ်လုပ်မှုတပ်ဖွဲ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့် အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ် ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာကာလအတွင်း ကောင်းမွန်သော အစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်း တာဝန်ယူ ဆက်လက် ထိန်းသိမ်းကြရန်နှင့် တိုင်းပြည်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကို ကျေပွန်အောင် ဆက်လက်ထမ်း ဆောင်ကြရန် တိုက်တွန်းမှာကြား လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်က တပ်ဖွဲ့သမိုင်း အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကို ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တက်ရောက်လာကြသည့် အငြိမ်းစား ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု တပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြခန်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဆင်ဖတ်ရှုနိုင်ပါရန်

ဧပြီ ၂၆ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည့် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား"သတင်း စာမျက်နှာ-၃ ဒုတိယကော်လံ၌ ပါဝင်သည့် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များမှ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အလှူငွေများပေးအပ်ရာ ဧပြီလ ၂၄ ရက်နေ့အထိ **ကျပ်(၁၁၅၈၀၇၆)ဘီလီယံကျော်** စာသားအစား **ကျပ်(၁၁၅ ဒသမ ၈၀၆)ဘီလီယံကျော်** ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

ပြည်ထောင်စုဝန်ကြီး ဦးဥဇော်ထွန်း ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းတိုးတက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥဇော်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်)ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၅၀၀ ကေဗွီလှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လက်ရှိလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလျာထားချက်အတိုင်း လုပ်ငန်းများပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးသတိ၊ လုံခြုံရေးအသိအမြဲရှိစေရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စနစ်တကျအသုံးပြုစေရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်နှင့် တပ်ဆင်ပြီးစီးသည့် ထရန်စဖော်မာများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စက်ပစ္စည်းကိရိယာများကို ငလျင်ဒဏ်သက်ရောက်မှု ရှိ၊ မရှိ ပညာရှင်အဖွဲ့နှင့် ထပ်မံစစ်ဆေးဆောင်ရွက်ပြီး ကျန်ရှိသည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ခွဲရုံ၏ လစ်လပ်မြေနေရာများ၌ ရာသီသီးနှံ၊ သီးပင်စားပင်၊ အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပင်များ မိုးရာသီကာလတွင် စိုက်ပျိုးနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန်တို့ကို မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကြည့်ရှုအားပေး

ဘားအံ ဧပြီ ၂၆

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်း ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံခရိုင် လှိုင်းဘွဲမြို့နယ် သမ္ဘာန်ကျေးရွာအုပ်စုရှိ တောင်သူဦးထွန်းရင်၏ စိုက်ပျိုးဖြစ်ထွန်းနေသော နွေစပါးဆင်းသုခစိုက်ခင်း၊ တောင်သူ ဦးခိုင်ဝင်း၏ ပုဂ္ဂလိကမန်ဂျန်ရှားပျိုးခြံ၊ တောင်သူ နော်မုထူး၏ နွေစပါးဆင်းသုခစိုက်ခင်း ၇ ဒသမ ၅၀ ဧကၭ ပုဂ္ဂလိက ကူဘိုတာရိတ်သိမ်းခြေလှေစက်ဖြင့် နွေစပါးစံကွက် ရိတ်သိမ်းခြင်းနှင့် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ စံကွက်ရိတ်သိမ်းခြင်းတို့ကို ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးကျောက်လုံး၏ ရိတ်သိမ်းပြီး နွေစပါးစိုက်ခင်းၭ မိုးကြိုထယ်ရေးခံခြင်း၊ ထုံးထည့်သွင်းခြင်းနှင့် သစ်စိမ်းမြေဩ(ပိုက်ဆံလျော်) စုပေါင်း ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး ထီလုံ၊ သမ္ဘာန်၊ သပုထို၊ နောင်သင့်ကျေးရွာများမှ တောင်သူများနှင့်အတူ သစ်စိမ်းမြေဩ(ပိုက်ဆံလျော်) မျိုးစေ့များ ကြဲပက်ကာ ပြည်နယ်ဝန်ကြီးများနှင့်အတူ တက်ရောက်လာသော တောင်သူများအား ပိုက်ဆံလျော်မျိုးစေ့များ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးစေ့ဌာနခွဲ) လှိုင်းဘွဲမျိုးသန့်ခြံအတွင်း စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းနှင့် သစ်စိမ်းမြေဩ(ပိုက်ဆံလျော်)စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုအားပေး၍ မြေဇရိယာ ၁၄၆၈ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်သော လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအနီးရှိ ရောဘုတ်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် မိဇံ(ဆိတ်၊ဝက်) မွေးမြူရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်နွယ်ရိုက မိဇံမွေးမြူရေးဇုန်အတွင်း မွေးမြူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဝက် ၁၀၂၅၁၉ ပိသာ၊ ဆိတ် ၂၉၁၆ ပိသာ ထုတ်လုပ်မှု အခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုးတက်မွေးမြူ ထုတ်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တောင်သူများက တိရစ္ဆာန်အစာထုတ်လုပ် ရောင်းချမှုအခြေအနေ၊ တိုးချဲ့မွေးမြူထုတ်လုပ်နိုင်ရေး လျှပ်စစ်မီးရရှိမှု၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်ရေးနှင့် သောက်သုံးရေရရှိရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးတောင်သူများအား တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆေးခဲများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဇံမွေးမြူရေးဇုန်အတွင်း တိရစ္ဆာန်စွန့်ပစ် အညစ်အကြေးများကို အသုံးပြု၍ သဘာဝမြေဩ ထုတ်လုပ်ရောင်းချနေသော ရွှင်ပျော်သဘာဝဇီဝမြေဩစက်ရုံ၊ တောင်သူဦးဇော်ဌေးအောင်၏ အသားတိုး ဝက်အကောင် ၅၀၀ မွေးမြူရေးခြံ၊ တောင်သူဦးတင်ဝင်း၏ အသားတိုး ဝက်အကောင် ၁၅၀ မွေးမြူရေးခြံနှင့် တောင်သူဦးနေတိုး၏ ဆိတ်အကောင် ၁၀၀ မွေးမြူရေးခြံတို့ကို လှည့်လည်ကြည့်ရှု အားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

သဘာဝဘေးဒဏ်ကြုံကြိုခံနိုင်သည့်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများဖြစ်စေရေး အားပေးမြှင့်တင်

နေပြည်တော် ဧပြီ ၂၆

နေပြည်တော် ကောင်စီနယ်မြေ၏ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနတာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်သည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သဘာဝဘေးဒဏ်ကြုံကြိုခံနိုင်သည့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများဖြစ်စေရေး အားပေးမြှင့်တင်ရန် ဝန်ကြီးဌာန၏ စီမံဆောင်ရွက်နေမှုဒေသနေပြည်သူများအာဟာရပြည့်ဝသည့် မွေးမြူရေးထွက်ကုန်များ ဈေးနှုန်းချိုသာစွာစားသုံးနိုင်ရေး၊ မွေးမြူရေးအခြေခံ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာရေးအတွက် ပုဂ္ဂလိကကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် မွေးမြူရေးလုပ်ငန်းရှင်များက မွေးမြူရေးလုပ်ငန်းနှင့် အသားထုတ်လုပ်မှုကဏ္ဍ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ်ရွာသစ်ကြီးကျေးရွာရှိပုဂ္ဂလိက အသားတိုးဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်နှင့် အသားတိုးကြက်များ မွေးမြူထားရှိသော မွေးမြူရေးခြံများကို လည်းကောင်း၊ သရက်ခုံကျေးရွာရှိ ပုဂ္ဂလိက နို့စားနွားမွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူရေးတောင်သူများအား တိရစ္ဆာန်သုံးဆေးဝါးများနှင့် အာဟာရဆေးခဲများ ပေးအပ်သည်။

ယင်းနောက် အလယ်ကျွန်းအုပ်စု သစ်ခေါက်ခွရွာ ပုဂ္ဂလိက ငါးမွေးမြူရေးကန်၌ လယ်ဝေးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူ ၄၁ ဦးနှင့် တွေ့ဆုံ၍ အာဟာရပြည့်ဝသော ငါးအသားရိက္ခာကို ပြည်သူများဖူလုံစွာ စားသုံးနိုင်ကြစေရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ငါးမွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ခရမ်းသီးစိုက်ပျိုးခြင်းနှင့် ကျန်းမာရေး

တာတာဝင်း(SCD)

မြန်မာနိုင်ငံတွင် မြို့ပြနှင့်ကျေးလက်များပါမကျန် ဟင်းသီးဟင်းရွက်များကို အမြတ်တနိုး စားသုံးလေ့ရှိကြပါသည်။ ဟင်းသီးဟင်းရွက်ကို ချက်ပြုတ်ကြော်လှော်၍လည်းကောင်း၊ သရေစာအဖြစ်လည်းကောင်း နေရာဒေသအလိုက် အမျိုးမျိုးပြုပြင်ဖန်တီးစားသောက်ကြလေ့ရှိပါသည်။

ထိုဟင်းသီးဟင်းရွက်အမျိုးမျိုးရှိသည့်အနက် အာဟာရဓာတ်မျိုးစုံပါဝင်ပြီး ဆေးဖက်လည်းဝင်၊ ထမင်းမြိန်ပြီး၊ လူမျိုးမရွေးကြိုက်နှစ်သက်သည့် ဟင်းသီးတစ်မျိုးဖြစ်သော ခရမ်းသီးပင်နှင့်ပတ်သက်၍ တင်ပြလိုပါသည်။

ခရမ်း၏ မူရင်းဒေသသည် အိန္ဒိယနိုင်ငံဖြစ်သည်။ အင်္ဂလိပ်အမည်မှာ Egg Plant (or) Branjal။ ရုက္ခဗေဒအမည်မှာ Solanum Melongena ဖြစ်ပါသည်။

ခရမ်းအမျိုးအစားများ

မြန်မာနိုင်ငံတွင်တွေ့ရှိရသော ခရမ်းသီးပင်အမျိုးအစားများမှာ ပင်ထောင်၊ ပင်ပြန့်၊ တစ်ဝက်ပြန့် စသည်ဖြင့် အပင်ပုံသဏ္ဌာန်အမျိုးမျိုးရှိပြီး ပင်ပြန့်သည်သက်လျင်မျိုးသက်တမ်းဖြစ်ကာ ပင်ထောင်သည်သက်ကြီးမျိုးသက်တမ်းဖြစ်ပါသည်။ ပန်းပွင့်သည် အဆစ်(၆-၁၄) ဆစ်အကြားတွင်ပွင့်သည်။ ခရမ်းသီးကို ခရမ်းရှည်(ခရမ်းရောင်)၊ ဆင်စွယ်ခရမ်း(အဖြူရောင်)၊ ခရမ်းကြွပ်(အဖြူ/ခရမ်း)၊ ခရမ်းခါး(အထက်မြန်မာပြည် စစ်ကိုင်းတိုင်းဒေသကြီးတွင် တွေ့ရှိနိုင်)၊ ခရမ်းကစော့သီး၊ ခရမ်းခေါင်းသီး၊ ခရမ်းပဒေသာ(အစုလိုက်၊ အခိုင်လိုက်သီး)၊ ထောပတ်ခရမ်းဟူ၍ ဒေသအလိုက် အမျိုးမျိုးခေါ်တွင် စိုက်ပျိုးကြပါသည်။

ခရမ်းပင်သည် အပူကြိုက်အပင်ဖြစ်၍ မြန်မာနိုင်ငံတွင် တောင်ပေါ်ဒေသ အလွန်အေးသောဒေသမှလွဲ၍ ကျန်ဒေသများတွင် စိုက်ပျိုးနိုင်သည်။ အများအားဖြင့် ဇူလိုင်လနှင့် သြဂုတ်လတို့တွင် စိုက်ပျိုးကြပြီး ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ မြေဆီထက်သန်ပြီး ရေသွင်း၊ ရေထုတ်ကောင်းမွန်၍ အပူချိန် ၁၃˚C-၂၁˚C၊ PH 5.5 - 6.5 ရှိသော မြေမျိုးတွင် စိုက်ပျိုးပါက အထူးသင့်လျော်ပါသည်။ စီးပွားဖြစ် တစ်ဧကလျှင် မျိုးစေ့ ၅၀၀ ဂရမ် (၃၀ ကျပ်သားခန့်) စိုက်ပျိုးနိုင်ပါသည်။

ခရမ်းသီးကို ခရမ်းသီးနှပ်၊ ခရမ်းသီးသုပ်၊ ခရမ်းသီးအစာသွတ်၊ ခရမ်းသီးကြော်၊ တို့စရာပြုလုပ်၍ ပုံစံအမျိုးမျိုး ချက်စားလေ့ရှိကြပါသည်။ ခရမ်းသီးမီးဖုတ်သုပ်သည် မြန်မာတိုင်းရင်းသားတို့၏ အနှစ်သက်ဆုံးအစားအစာတစ်ခုတွင် ပါဝင်သည်။ ယခုအခါ အကင်ဆိုင်များ၊ မြန်မာ့ရိုးရာထမင်းဆိုင်များ၊ ဟိုတယ်များတွင်လည်း ခရမ်းသီးဖြင့်ချက်ပြုတ်သော ဟင်းအမည်စုံများ နေရာယူလာကြသည်ကို လေ့လာသိရှိရပါသည်။ မိသားစုတွင်လည်း ခရမ်းသီးနှင့် အသားဟင်းကို တွဲဖက်ချက်ပြုတ်ခြင်း၊ ဟင်းချိုများ၊ သီးစုံဟင်းများတွင် ခရမ်းသီးသည် ဧာတ်လိုက်ဖြစ်သည်။ ထို့ပြင် ခရမ်းသီးကို အခြောက်လှန်း၍ ရာသီမရွေး ချက်ပြုတ်စားနိုင်အောင်လည်း ပြုပြင်ဆောင်ရွက်ကြသည်။ ထို့ကြောင့် ခရမ်းသီးသည် မြန်မာ့ကျေးလက်နှင့် မြို့ပြတို့၏ စားဖိုဆောင်တွင် အရေးပါနေခြင်းဖြစ်သည်။

ခရမ်းပင်ကို ပျိုးထောင်၍လည်းကောင်း၊ ရိုးရိုးကျင်းဖြင့်လည်းကောင်း စိုက်ပျိုးလေ့ရှိကြပါသည်။ ပျိုးထောင်၍စိုက်ပျိုးမည်ဆိုပါက အလျား သုံးပေ၊ အရှည် ပေ ၃၀ ရှိသော ပေါင်ပေါ်တွင် မျိုးစေ့များကို လေးလက်မစီခြား၍ အပေါ်မှကောက်ရိုးပါးပါးဖုံးကာ ရေပန်းခရားဖြင့် ရေပါးပါးလောင်းပေးရပါသည်။ လှီသောအပင်များကို နုတ်ပစ်ရပါသည်။



ခရမ်းပု



ခရမ်းရှည်



ခရမ်းကြွပ်

တစ်ဧကလျှင်နွားချေး ၁၀ တန်၊ ယူရီးယား ၅၀ ကီလို နှစ်အိတ်၊ ပိုတက် ၅၀ ကီလို နှစ်အိတ်နှန်းဖြင့် ယူရီးယားကို မြေပြင်စဉ်တစ်ကြိမ်နှင့် စိုက်ပြီး ၁ -၂ လ အချိန်တွင်တစ်ကြိမ် ထည့်ပေးရပါသည်။ စိုက်ခင်းမြေပေါ်တွင် ထယ် ၃-၄ စပ်ထိုး၍ ထွန်ရေးညက်အောင်ပြင်ကာ တန်းကြား ၃-၄ ပေ၊ ပင်ကြား ၂-၃ ပေထားကာ ပျိုးခင်းမှ ပျိုးပင်များကို ပြောင်းရွှေ့စိုက်ပေးရပါသည်။ စိုက်ခင်းမြေသည် အစိုဓာတ်အသင့်အတင့်ရှိနေရန် ရေကြိုတင်သွင်းထားရပါမည်။

အပိုဝင်ငွေရရှိ

ပျိုးပင်သည် အနည်းဆုံးအရွက် ၅-၆ ရွက်ရှိပါက စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ပါသည်။ ရာသီဥတုပူပြင်းပါက အပေါ်မှ အရွက်များ အုပ်ပေးခြင်းဖြင့်လည်းကောင်း သို့မဟုတ် ကောက်ရိုးပါးပါးဖြင့်လည်းကောင်း ဖုံး၍နေကာထားပေးရပါမည်။ ပေါင်းရှင်းခြင်း၊ ပေါင်လုံးခြင်း၊ ရေမဝပ်အောင်မြေတောင်မြှောက်ခြင်း၊ အပင်ယိုင်လဲမှုမရှိစေရန် တိုင်ထောင်ပေးခြင်း၊ မြေအစိုဓာတ်နည်းပါက ရေသွင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးရပါသည်။ အိမ်တွင်းမိသားစုတစ်နိုင်တစ်ပိုင်အဖြစ် စိုက်ပျိုးခြင်းဖြင့် စားဖိုဆောင်စရိတ် သက်သာစေပြီး အပိုဝင်ငွေရရှိနိုင်ပါသည်။

ခရမ်းပင်တွင် ပိုးမွှားအနေဖြင့် ခေါင်ညွှန့်ထိုးပိုး၊ သီးလုံးဖောက်ပိုးကျရောက်နိုင်သောကြောင့် လက်နှင့်ကောက်ယူဖျက်ဆီးခြင်း၊ ပင်လုံးပြန့်ပိုးသတ်ဆေးဖျန်းပေးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ အပင်ရောဂါအနေဖြင့် ဗက်တီးရီးယား ပင်ညှိုးရောဂါကျရောက်နိုင်ပါသည်။

ခရမ်းသီးခူးရာတွင် အသီးပုံသဏ္ဌာန်ကိုကြည့်ပြီး ဆွတ်ခူးနိုင်ပါသည်။ လုံးဝိုင်းသောအသီးကို ပန်းပွင့်ပြီး၂၅-၃၀ ရက်တွင်လည်းကောင်း၊ လုံးရှည်မျိုးကို ရက် ၃၀ တွင်လည်းကောင်း၊ အရှည်မျိုးကို ပန်းပွင့်ပြီး ၃၅ - ၄၀ ရက်တို့တွင်လည်းကောင်း ခူးဆွတ်နိုင်ပါသည်။ အသီးများခူးဆွတ်ပြီး အသီးထွက်မှုကျဆင်းသွား၍ လမိုင်းထားမည်ဆိုပါက ပင်ခြေမှ အနည်းဆုံး ၆-၈ လက်မခန့် သို့မဟုတ် ပင်ခြေမှ အဆစ်သုံးဆစ်ချန်၍ အပေါ်ပိုင်းဖြတ်ပြီး ယူရီးယားကျွေးခြင်း၊ ရေသွင်းခြင်း၊ ပေါင်းရှင်းခြင်းနှင့် အပင်ပြုစုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးမည်ဆိုပါက တစ်လအတွင်း အသီးများထပ်မံခူးဆွတ်နိုင်ပါသည်။ တစ်ဧကလျှင် ခရမ်းသီးပိသာ ၆၀၀၀-၈၀၀၀ ခန့်ထွက်ရှိနိုင်ပြီး ဝင်ငွေအကျိုးအမြတ် ကျပ် ရှစ်သိန်းမှ ၁၀ သိန်းအထိ ရရှိနိုင်ပါသည်။

ခရမ်းသီးသည် ဗီတာမင်စီဓာတ်ကြွယ်ဝခြင်း၊ ရောင်ရမ်းခြင်းဝေဒနာကိုသက်သာနိုင်ခြင်း၊ နှလုံး၊ ဦးနှောက်၊ အရေပြားနှင့်အရိုးကိုအကျိုးပြုသည့်အပြင် အစာခြေစနစ်ကောင်းမွန်စေခြင်း၊ အမျိုးအစား (၂) ဆီးချိုရောဂါကိုထိန်းနိုင်စွမ်းရှိခြင်းကြောင့် လူတစ်ဦးလျှင် ၅၀၀ ဂရမ်ခန့် စားသုံးသင့်ကြောင်း၊ ခရမ်းသီးတွင် Phytonutrients ဟုခေါ်သော နှလုံးကိုကာကွယ်ပေးသည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကိုလျော့ကျစေပြီး သွေးကြောလုပ်ဆောင်ချက်ကောင်းမွန်စေပါသည်။ ခရမ်းသီးအခွံတွင်ပါသော Nasunin ဟုခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကြောင့် ခရမ်းရောင်ဖြစ်နေပြီး Nasunin သည် ဦးနှောက်ထဲမှ အဆီဓာတ်များ ထိခိုက်မှုမရှိအောင် ကာကွယ်ပေးကြောင်း၊ ထို့ကြောင့် ခရမ်းသီးကို အခွံမခွာဘဲစားသင့်ကြောင်း၊ အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေနိုင်ကြောင်း၊ ကျန်းမာရေးနှင့် ဆေးပညာဝက်ဘ်ဆိုက်မှ ဖတ်ရှုမှတ်သားရပါသည်။

ခရမ်းပင်များကို ဒေသတွင်း၌ စီးပွားဖြစ်စိုက်ပျိုးကြသော တောင်သူများက လက်ကားဈေးမှတစ်ဆင့် ဈေးအသီးသီးရှိ လက်လီဆိုင်များ၊ ထိုမှတစ်ဆင့် ဆိုက်တွဲ၊ သုံးဘီး၊ ပစ်ကပ် ၊ စက်ဘီးတို့ဖြင့် ရွှေ့လျားဈေးသည်များက အဆင့်ဆင့်ဖြန့်ဖြူးရောင်းချပေးနေကြပါသည်။

လွယ်ကူစွာစိုက်ပျိုးနိုင်

ထို့ပြင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသော တောင်သူများကလည်း ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ရောင်းချနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ခရမ်းသီးဈေးကွက်အနေဖြင့် ရှားပါးချိန်တွင် တစ်ပိသာဈေးနှုန်းမှာ ကျပ် ၂၀၀၀-၃၀၀၀ အထိ ရရှိပြီး အသီးလှိုင်သောအချိန်တွင် တစ်ပိသာဈေးနှုန်းမှာ ကျပ် ၁၀၀၀-၁၅၀၀ ရှိရာ လတ်ဆတ်စွာစားသုံးနိုင်ရန် မိမိအိမ်ခြံဝင်းတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပါကြောင်း အကြံပြုအပ်ပါသည်။ အချို့သောဒေသများတွင် နေရာအခက်အခဲရှိသဖြင့် အိုးများဖြင့် ထည့်သွင်းစိုက်ပျိုးသည့်အတွက် လွယ်ကူစွာစိုက်ပျိုးနိုင်ပါသည်။

ခရမ်းပင်မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံနှင့် ဇီဝဌာနကလည်း သုတေသနပြုဖြန့်ဖြူးပေးလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်မျိုးစေ့ကော်မတီမှ မှတ်ပုံတင်ခွင့်ရရှိထားသော မျိုးစေ့ထုတ်ကုမ္ပဏီများကလည်း ရောင်းချပေးနေ၍ ကြိုက်နှစ်သက်ရာမျိုးကို ဝယ်ယူစိုက်ပျိုးနိုင်ပါသည်။

နိဂုံးသူ နိဂုံးသားများ စားရေရိက္ခာကြွယ်ဝရေး၊ အာဟာရပြည့်ဝသောဟင်းလျာအဖြစ် စားသုံးနိုင်ရေးအတွက် ခရမ်းပင်စိုက်ပျိုးခြင်းကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

“ခရမ်းသီးသည် ဗီတာမင်စီဓာတ်ကြွယ်ဝခြင်း၊ ရောင်ရမ်းခြင်းဝေဒနာကိုသက်သာနိုင်ခြင်း၊ နှလုံး၊ ဦးနှောက်၊ အရေပြားနှင့်အရိုးကိုအကျိုးပြုသည့်အပြင် အစာခြေစနစ်ကောင်းမွန်စေခြင်း၊ အမျိုးအစား (၂) ဆီးချိုရောဂါကိုထိန်းနိုင်စွမ်းရှိခြင်းကြောင့် လူတစ်ဦးလျှင် ၅၀၀ ဂရမ်ခန့် စားသုံးသင့်ကြောင်း၊ ခရမ်းသီးတွင် Phytonutrients ဟုခေါ်သော နှလုံးကိုကာကွယ်ပေးသည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်ခြင်းကြောင့် ရောင်ရမ်းမှုကိုလျော့ကျစေပြီး သွေးကြောလုပ်ဆောင်ချက် ကောင်းမွန်စေပါသည်။ ခရမ်းသီးအခွံတွင်ပါသော Nasunin ဟုခေါ်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးကြောင့် ခရမ်းရောင်ဖြစ်နေပြီး Nasunin သည် ဦးနှောက်ထဲမှ အဆီဓာတ်များ ထိခိုက်မှုမရှိအောင် ကာကွယ်ပေးကြောင်း၊ ထို့ကြောင့် ခရမ်းသီးကို အခွံမခွာဘဲစားသင့်ကြောင်း၊ အမျှင်ဓာတ်ပါဝင်ခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းကို ကျန်းမာစေနိုင်”

ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဇေ လျှင်ဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဇေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးလျှင်ကြီးဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံ နမူနာဆောက်လုပ်ထားရှိမှု၊ လုံလောက်သောလမ်းအကျယ် ဖောက်လုပ်ထားမှုနှင့် ဘာရှာအဆောက်အအုံများ ဆက်လက်ဆောက်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက ဘာရှာအဆောက်အအုံများကို မိုးလေမကျမီ သတ်မှတ်ချိန်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောက်လုပ်ကြရန်၊ ရေစီးမြောင်းများနှင့် မိုးတွင်းကာလသွားလာရန်လမ်းများ ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ရန်၊ ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုံလုံခြုံခြုံ နေထိုင်နိုင်ရန် ရည်ရွယ်ဆောက်လုပ်နေသည့် ဘာရှာအဆောက်အအုံတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်စင်ခန်းများကို ပြည့်စုံသောမိလ္လာစနစ်ပူးတွဲ၍ တည်ဆောက်ပေးရန်၊ လိုအပ်သောလျှပ်စစ်မီးရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန်၊ ပညာရေးဝန်ထမ်းများအနေဖြင့် လာမည့်ပညာသင်နှစ် ဇွန်လကျောင်းဖွင့်ချိန်တွင် ကျောင်းများဖွင့်လှစ်နိုင်ရေးနှင့် မိမိတို့ဦးစီးဌာန အလိုက် ရုံးလုပ်ငန်းကိစ္စများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးတက္ကသိုလ်အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု ကြည့်ရှုအားပေး



မကွေး ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် မြို့ပတ်ဝန်းကျင်များ သန့်ရှင်းသာယာလှပရေး အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မကွေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးတက္ကသိုလ်ဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းခြင်း စသည့် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

လမ်းညွှန်မှာကြား

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် နွေရာသီသင်တန်းများဖွင့်လှစ်မှုတို့အား ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဧပြီ ၂၆

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ အမှတ်(၂) မူလွန်(မင်္ဂလာ)ကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ကျောင်း ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်နေမှုများ၊ နွေရာသီသင်တန်းများ ဖွင့်လှစ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ပေါင်းစပ်ညှိနှိုင်း

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ကျောင်း ပရိဝုဏ်များအတွင်း သန့်ရှင်း သာယာရေးအတွက် နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကျောင်းရုံးခန်းနှင့် စာသင်ခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။



ပြည်နယ် ဝန်ကြီးချုပ်က ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ တက်ရောက်ပညာသင်ကြားနိုင်ရန် လိုအပ်သည့် ကျောင်းသုံးရုံးသုံး ပရိဘောဂများ ဆောင်ရွက်ထားရှိရေး၊ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကလေးကစားကွင်းများ စနစ်တကျဖြစ်စေရေး၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး စနစ်တကျ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသည့် ကဗျာလွတ်အကသင်တန်းသို့အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသူများ၏ တက်ရောက်လေ့ကျင့်သင်ကြားနေမှုများ၊ အင်္ဂလိပ်စာ (Grammar) နှင့် Four Skill စွမ်းရည်မြှင့်သင်တန်းတွင် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ စိတ်ပါဝင်စားစွာ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဖျာပုံမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

ဖျာပုံ ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို သွားရောက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖျာပုံခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး လက်ထောက်ဗိုလ်မှူးကြီးရေးမှူး ဦးဇော်မင်းဦး ဦးဆောင်သောအဖွဲ့နှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် စက်သုံးဆီအရောင်းဆိုင်များအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှုအခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေး စစ်ဆေးခဲ့ကြောင်း သိရသည်။

ဧရာဦးသာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဧမ္မူသိရိမြို့နယ်အတွင်းရှိ လျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၂၆

မန္တလေးလျင်ကြီးကြောင့် နေပြည်တော် အတွင်းရှိ လျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသိရိမြို့နယ် ဥပုဂါတသန္တိ(တပေါင်းကွင်း)၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျင်ဖြစ်ပေါ်လာရသည့် အခြေအနေ၊ အင်အားပြင်းထန်သည့် လျင်လှုပ်ခတ်မှုကြောင့် ပြည်သူများနှင့် ဝန်ထမ်းများ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍လည်း အဆောက်အအုံပျက်စီးမှုများအပေါ်မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသည့် လူနာများအား ယာယီဆေးရုံများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သွားရောက်ကြီးကြပ်ပြီး အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ၁၉၉ ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၅၉၇၀၀၀၀၀ ကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်မှ ထောက်ပံ့သည့် သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၁၉၉ ဦးအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၉၉၀၀၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က မန္တလေးလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ဧမ္မူသိရိမြို့နယ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း လျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြောင်းရွှေ့နေရာချထားပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၆

မန္တလေး လျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ ဆေးပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးဦးဖြိုးဇော်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧမ္မူသိရိမြို့နယ် ဝန်ကြီးဌာနမှ လျင်ဘေးသင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယာယီနေထိုင်နိုင်ရန် ပြင်ဆင်နေရာ ချထားပေးသည့် အစိုးရ စက်မှုလက်မှုသင်တန်းကျောင်းအနီးရှိယာယီတည်ခိုရေးစခန်းသို့သွားရောက်၍ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလ မရောက်မီ အမိုးအကာအောက်သို့ အမြန်ဆုံး ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ အပြာရောင် အဆင့် သတ်မှတ်ချက်ပါ ဝန်ထမ်းအဆောင်များသို့ သွားရောက်ပြီး လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ပြန်လည်ပြင်ဆင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ပြင်ဆင်မွမ်းမံရာတွင် သတ်မှတ်ထားသော SOP ပါ စံသတ်မှတ်ချက်များ အတိုင်း အရည်အသွေး မှန်ကန်စွာဖြင့် ပြင်ဆင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောလျင်စွာပြီးစီးအောင် ဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ရေတာရှည်မြို့နယ်၌ နွေစပါးရိတ်သိမ်းပွဲ ကျင်းပ

ရေတာရှည် ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုးစပါး စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက ကြံသန္တယ်ကျေးရွာအုပ်စု နန်ဈန်ကျေးရွာတောင်သူဦးအောင်ဝင်း၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါ နွေစပါးစံပြစိုက်ခင်းစံကွက်ရိတ်သိမ်းရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးသန့်ဇင်ဝေ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် တောင်သူဦးအောင်ဝင်း၏ လယ်မြေငါးဧကၜ၌ နွေစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်းအစို ၁၅၆ ဒသမ ၂ တင်းထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကွက်များဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကွက်များသည် နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၇ ရက်မြောက်နေ့အဖြစ် ဈေးကွက်ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဓေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုဗ္ဗသိရိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန်ခြောက် ပြည်ပါ (မနောသုခ–Export Quality) ၉၆၃၆ အိတ်၊ ဆန်ငါးပြည်ပါ(ဖျာပုံပေါ်ဆန်း) ၂၂၃၃ အိတ်၊ ဆီ ပိသာ ၂၆၇၇၀၊ ဆား ပိသာ ၅၈၃၀၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၀၇၉ ထုပ်၊ ငါးပိ ၁၂၄၉ ပိသာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြာခြောက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို



လည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကွက်လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိသာ၊ ဆား ၄၆ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ထုပ်၊ ငါးပိ ၁၅ ပိသာ၊ ကြက်သွန်နီ ၅၂၇ ပိသာ၊ အသားတုံ ၂၂ ပိသာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကွက်လေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၂၇၆၄ အိတ်၊ စားအုန်းဆီ ပိသာ ၄၈၄၀၀၊ ဆား ၉၆ ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇၉ ထုပ်၊ ငါးပိ ၇၄ ပိသာ၊ ငါးနီတူခြောက်၊ အာပြာခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက် ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ၈ပြီ ၂၆

မြန်မာနိုင်ငံတွင် လူပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏ္ဍိုဈေး ကောင်းမှုတော်စေတီ၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း)၊ သောတပန်ရပ်ကွက်ရှိ သုတေသနကသိလျှင် ကျောင်းတိုက်နှင့် နေကာရာမ ကိုးကန့်ကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုည၌ရှင်စေတီ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၊ နန်းဦးမြို့သစ်ရှိ မဟာစေတီလှနှင့် မရှိခဏစေတီ၊ နန်းစုရပ်ကွက်ရှိ လူနေအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောသာသနိကအဆောက်အအုံများ၊ အရံစေတီများအား ရှင်းလင်း ဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မရှိခဏစေတီတော်ကြီးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များက ဖယ်ရှားရှင်းလင်းနေစဉ် မရှိခဏစေတီတော်ကြီး၏ ဘုရားဌာပနာ လက်ဝတ်ရတနာပစ္စည်းများကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ဆရာတော်နှင့် တာဝန်ရှိသူများအား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ နန်းမြို့ရိုးနေရာအား အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှား ရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ တံတားဦးမြို့ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ ပျက်စီးမှု ပြန်လည်ပြုပြင်နေမှုနှင့် လေယာဉ်ခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တံတားဦးမြို့ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများ၊ မြို့တွင်းရှိ မဟာဆေးအိုးဖိုဘုရားအပါအဝင် အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းနေမှုများ၊ အဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး အိမ်အဆောက်အအုံအသစ် ပြန်လည်ဆောက်လုပ်ကာ မိသားစုများ ပြန်လည်နေထိုင်နေသည့် အခြေအနေများကို ကြည့်ရှု၍ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပေးအပ်

ယင်းနောက် တံတားဦး အခြေခံပညာအထက်တန်းကျောင်း သို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှား ရှင်းလင်းပြီးစီးမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် မြန်မာ့စီးပွားရေးဘဏ်မှ ယာယီရုံးဖွင့်လှစ်ထားရှိပြီး ရုံးလုပ်ငန်းများ ပုံမှန် လည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တံတားဦး မြို့နယ်ခန်းမသို့ သွားရောက်၍ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ငလျင်ဒဏ်သင့် ပြည်သူများအတွက် မိုးကာတဲ၊ စောင်၊ ခြင်ထောင်နှင့် အဝတ်အထည်များပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးမြတ်စွာဘုရား၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ ရွှေဘုံသာကျောင်းတို့သို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘုရား၊ စေတီ၊ ပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သန့်ရှင်းရေး ဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများက ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်ကွက်ရှိ အန္တရာယ်ရှိ အဆောက်အအုံအား ယန္တရားစက်ဖြင့်ရှင်းလင်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး စာမျက်နှာ ၁၀ သို့ ★



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ ဧနကာရာမကိုးကန့်ကျောင်းတိုက်၌ ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ရှင်းလင်း ဖယ်ရှားနေမှုများကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တံတားဦးမြို့၌ အိမ်အဆောက်အအုံအသစ် ပြန်လည်ဆောက်လုပ်ကာ မိသားစုများပြန်လည်နေထိုင်နေသည့် အခြေအနေများကိုကြည့်ရှု၍ အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများ ကျောက်ဆည်မြို့ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ၌ ဗဟိုထိန်းချုပ်ခန်း၊ Kiln မီးသင်းဖိုပြုပြင်နေမှုများ၊ Cement Packing အဆောက်အအုံထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ထားဝယ်မြို့တော်ခန်းမတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

ထားဝယ် ၎ပြီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ထားဝယ်သူနာပြုသင်တန်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေများ၊ ထားဝယ် မြို့တော်ခန်းမအဆောက်အအုံ တည်ဆောက်နေမှု အခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ထားဝယ်သူနာပြုသင်တန်းကျောင်းဝင်း အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းဝင်း အတွင်း၌ သူနာပြုသင်တန်းသား သင်တန်းသူများ နေထိုင်သည့် အဆောင်များနှင့်နေရာထိုင်ခင်းအား ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်မြို့တော်ခန်းမအဆောက်အအုံတည်ဆောက် နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

ထားဝယ်မြို့တော်ခန်းမ၏ အဆောက်အအုံ အမျိုးအစား 1.5 Storey R.C.C Building၊ အဆောက် အအုံ အရွယ်အစား ၂၁၅ ပေ x ပေ ၁၁၀၊ မြေဧရိယာ အကျယ်အဝန်း ၂ ဒသမ ၃၀၆ ဧက၊ ခန်းမအတွင်း ဝင်ဆံ့လူဦးရေ မြေညီထပ် ၇၂၈ ဦး၊ ပထမထပ် ၁၀၆ ဦးဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးပြီးစီးမှု ၉၁ ရာခိုင်နှုန်း ဖြစ်ကာ အဆောက်အဦဦးစီးဌာန ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က



ထားဝယ်ပညာရေးဒီဂရီကောလိပ်ဝင်းအတွင်း တည် ဆောက်နေသည့် လေးခန်းတွဲဈေးဆိုင်ခန်းနှင့် အမှတ်(၁)အခြေခံပညာအထက်ကျောင်းဝင်းအတွင်း တည်ဆောက်နေသည့် ခန်းမအား ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် နွေစပါးစံပြစိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများ ကြည့်ရှုအားပေး

ကျိုင်းတုံ ၎ပြီ ၂၆

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက် ၇ နာရီက ကျိုင်းတုံမြို့ သီလ ဓမ္မကုန်းသာတောရကျောင်းရှိ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ(ဝစီပိတ)ဆရာတော် အား သွားရောက်ဖူးမြော်ကြည်ညိုး၍ လှူဖွယ်ဝတ္ထု ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့ နောင်ခမ်းကန်ရှိ သာသနာ့ဗိမာန် အဆောက်အအုံပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ၇၁ ရာခိုင်နှုန်း ပြီးစီးနေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာသနာ့ဗိမာန်အတွင်းသို့ ကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ် သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ကျိုင်းတုံမြို့ နောင်တုံကန်အား သွားရောက် ကြည့်ရှုပြီး ကျိုင်းတုံမြို့ ဦးစိုးရွှန်းဝန်း ငါးသားပေါက် မွေးမြူထားရှိသည့်ငါးကန်အား သွားရောက်ကြည့်ရှု သည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ကျိုင်းတုံ ဒေသတွင် ငါးမွေးကန် ၆၂၈ ဧကရှိကြောင်းနှင့် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်မြို့များသို့ ဖြန့်ချိ တင်ပို့လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ လိုအပ် သည်များ မှာကြားသည်။

အဆိုပါ ဦးစိုင်းရွှန်းဝန်းငါးသားပေါက်မွေးမြူ ရေးကန်တွင် တီးလာပီးယား ၃၀၀၀၀၊ တောင်ပေါ် ငါးသလောက် ၁၀၀၀၀၀၀၊ ရွှေဝါငါးကြင်း ၁၅၀၀၀၀ မွေးမြူထားကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စုကွင်းရှိ တောင်သူ ဦးညီလင်း၏လယ်မြေတွင် နွေစပါး ၇၁ ဧက စံပြစိုက်ခင်း၌ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်း လက်တွေ့သရုပ်ပြပွဲနှင့် စိုက်ပျိုးသွင်းအားစုများ ပေးအပ်ပွဲသို့ တက်ရောက်သည်။ **(ဝပို့)**

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးလှဝင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ လယ်ယာကဏ္ဍလုပ်ငန်းများကို ရှင်းလင်း တင်ပြပြီး တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေ ဩဇာများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ပေးအပ်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်က မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းများကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆေးဝါးများ လွှဲပြောင်းလက်ခံ

ရန်ကုန် ၎ပြီ ၂၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင် ဒဏ်သင့်ဒေသများအတွက် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ လှူဒါန်းသော မေးခိုင်ရောဂါကာကွယ်ဆေး များသည် ၎ပြီ ၂၄ ရက်တွင်လည်းကောင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါကာကွယ်ဆေးများသည် ၎ပြီ ၂၅ ရက်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

လိုက်လံကြည့်ရှု

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆေးဝါးများအား ယနေ့နံနက်ပိုင်းက ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်း ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း (ရန်ကုန်)၌ ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီး များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာ ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing နှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှု၍ လွှဲပြောင်းလက်ခံခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့်ဆေးဝါးများကို ငလျင်ဘေးသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီး ဌာန၏အစီအစဉ်ဖြင့် ဆက်လက်ပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

★ **စာမျက်နှာ ၉ မှ**

တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၂၁၅ လုံးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အအုံ ၁၉၀၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၄၈ လုံးမှ အဆောက်အအုံ ၁၇၄ လုံးကို ရှင်းလင်းနိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၇၄ လုံးဖြစ်ကြောင်း သိရသည်။

ထို့နောက် Myanmar Conch Cement Co.,Ltd.(ALPHA) ဘိလပ်မြေစက်ရုံ ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများက လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စက်ရုံများပြုပြင်နိုင်ရန် ပထမအပိုင်းလုပ်ဆောင်မှုအနေဖြင့် ပြည်ပမှပညာရှင်များဖြင့် Power Plant များ ပြင်ဆင်ပြီး ဇွန် ၂၀ ရက်တွင် Clinker များ စတင်ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ Cement Mill ပြင်ဆင်ပြီး အောက်တိုဘာ ၂၁ ရက်တွင် ကုန်ချောများ စတင်ထုတ်လုပ်နိုင်ပြီး လုပ်ငန်းများ လည်ပတ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် မြန်မာသံတော်မြတ်ကုမ္ပဏီလီမိတက်၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံ ဗဟို ထိန်းချုပ်ခန်း၊ Kiln မီးသင်းဖို ပြုပြင်နေမှုများ၊ Cement Packing အဆောက်အအုံ ထုတ်လုပ်မှုဆိုင်ရာ စက်ပစ္စည်းများ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများက လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း၊ စက်ကိရိယာများ ပြင်ဆင်ရန် လျာထားစီမံချက် အနေဖြင့် ကုန်ထုတ်လိုင်းအမှတ် (၁) အား မေ ၁၅ ရက်တွင် လည်ပတ်နိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံအား ဇွန်လ ကုန်တွင် ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကုန်ထုတ်လိုင်းအမှတ် (၂)အား မူလဆောက်လုပ်သူ Sinoma Company မှ ပညာရှင်များဖြင့် အသေးစိတ်ပြုပြင်ရမည် ဖြစ်၍ ခြောက်လခန့် အချိန်ယူ ဆောင်ရွက်ရမည် ဖြစ်ကြောင်း တင်ပြချက်များအပေါ် မေ ၁၅ ရက်တွင် ကုန်ထုတ်လိုင်းအမှတ် (၁)အား အပြီးပြုပြင်ပြီးပါက တစ်ရက်လျှင် တန် ၅၀၀၀ (ဘိလပ်မြေ အိတ်တစ်သိန်း) အမြန်ထုတ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြုပြင်မှုတွန်းအားပေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံမှ Cement Silo များ ပြုပြင်နေမှုများ၊ Soil Test များ ပြုလုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လျှပ်စစ်မီးရရှိအောင် ပြုလုပ်ပေးပြီးဖြစ်သဖြင့် စက်ရုံအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်



နေပြည်တော် ဧပြီ ၂၆

တပ်မတော်တွင် နဝမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်ရာ အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာခွဲတပ်ကြပ်ကြီး မျိုးမင်းခိုင်နှင့် အသည်းအလှူရှင် ကိုမင်းခိုင်မောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဆောင်ရွက်

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို မွန်းလွဲ ၂ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ရှစ်နာရီခွဲခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* ကျောဖုံးမှ

ပစ္စည်းများကို ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချမှုများ ပြုလုပ်လာကြောင်းသိရှိရသဖြင့် တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့်ကုမ္ပဏီများ၊ အရောင်းဆိုင်များအား ဧပြီ ၅ ရက်မှ ၁၂ ရက်အတွင်း ခေါ်ယူတွေ့ဆုံကာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများ မပြုလုပ်ကြရန် သတိပေးပြောကြားခဲ့ပြီး ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အချို့သောစီးပွားရေးလုပ်ငန်းရှင်များက လိုက်နာဆောင်ရွက်မှုမရှိဘဲ မတော်လောဘဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် ငလျင်ဒဏ်သင့်ဒေသများအပါအဝင် မြို့ကြီးအချို့၌ ရောင်းဝယ်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်/သိုလှောင်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများကို တာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

စစ်ဆေးတွေ့ရှိချက်များအရ ဘိလပ်မြေတံဆိပ်အမျိုးမျိုးကို ဝယ်ရင်းဈေးထက် အဆမတန်အမြတ်ယူရောင်းချလျက်ရှိသည့်ဆိုင် ၆၂ ဆိုင်ကို စစ်ဆေးတွေ့ရှိရသည့်အတွက် တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်လှစ်၍ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များအနေဖြင့် အများပြည်သူအခက်အခဲဒုက္ခများ ကြုံတွေ့နေရသည်ကို အခွင့်ကောင်းယူကာ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချနေသည့်သတင်းများ သိရှိရပါက တာဝန်ရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်







ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့က ဧပြီ ၂၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့် သိုလှောင်ရုံများအား စစ်ဆေးဆောင်ရွက်စဉ်။

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော့ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ပုသိမ် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပရိသတ်များက ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး လက်ဆင့်ကမ်း မီတာ ၄ x ၁၀၀ ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမျိုးသား အမျိုးသမီး အလျားခုန်၊ သုံးဆင့်ခုန်၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့်ငွေသားဆုများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး မီတာ ၄x၁၀၀၊ မီတာ ၄x၄၀၀ အပြေးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်၊ ငွေသားဆုနှင့် ရွှေခြောက်ခု၊ ကြေးတစ်ခုဖြင့် ရမှတ်(၄၂)မှတ်ရရှိသော ကျောင်းကုန်းမြို့နယ်အသင်းအား အမျိုးသမီး တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား မီတာ ၄ x ၁၀၀၊ မီတာ ၄x၄၀၀ ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အားကစားသမားများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း၊ ရွှေနှစ်ခု၊ ငွေသုံးခု ကြေးလေးခုဖြင့် ရမှတ်(၄၄)မှတ်ရရှိသော ပန်းတနော်မြို့နယ်အသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလားနှင့် ရွှေခြောက်ခု၊ ကြေးတစ်ခုဖြင့် ရမှတ်(၄၈)မှတ်ရရှိသော ကျောင်းကုန်းမြို့နယ်အသင်းအား အမျိုးသား အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုဖလားကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်စခန်းသွင်းလေ့ကျင့်နေမှုအား လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

မြစ်ကြီးနား ဧပြီ ၂၆

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေးအတွက် အားကစားသမားများအား ကြိုတင်ပြင်ဆင်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်သည် ဧပြီ ၂၅ ရက် နံနက် ၉ နာရီက အားကစားကွင်း၊ အားကစားရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ဧရာရပ်ကွက်အတွင်းရှိ ပြည်နယ်အားကစားကွင်းအတွင်း အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်အဖြစ် ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများနှင့် နည်းပြများအားလည်းကောင်း၊ ပြေးခုန်ပစ် အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ်အားကစားသမားများနှင့် နည်းပြများအားလည်းကောင်း၊ အဆိုပါကွင်းအတွင်း နွေရာသီအခြေခံဘောလုံးသင်တန်းတက်ရောက်နေသော အားကစားသမားများအားလည်းကောင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားကစားသမားများနှင့် နည်းပြများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြေးခုန်ပစ်အားကစားသမားများ၏ မီတာ ၁၀၀ တာတိုအပြေးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကာ ပြိုင်ပွဲဝင်ကစားသမားများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ သီတာရပ်ကွက် ငြိမ်းချမ်းသာယာ အားကစားရုပ်ဝန်းအတွင်းရှိ ဂျူဒိုနှင့် ပုဂ္ဂူးအားကစားရုံ၌ စခန်းသွင်းလေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ဂျူဒိုလက်ရွေးစင် အားကစားသမားများနှင့် လက်ဝှေ့အားကစားသမားများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး စခန်းသွင်းလေ့ကျင့်စဉ်ကာလအတွင်း နေထိုင်စားသောက်မှုအဆင်ပြေစေရေးနှင့် အားကစားနည်းအလိုက် အထောက်အကူပြုပစ္စည်းများ ပြည့်စုံလုံလောက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန်အန္တရာယ်ရှိနေသော ငှက်မျိုးစိတ် ၁၂ မျိုး မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဝင်ရောက်ကျက်စား

ရန်ကုန် ဧပြီ ၂၆

အရှေ့တောင်အာရှ နိုင်ငံများအတွင်း မြန်မာနိုင်ငံသည် ငှက်မျိုးစိတ်ကြွယ်ဝ၍ ငှက်အများဆုံးတွေ့ရှိရသော နိုင်ငံတစ်နိုင်ငံအဖြစ် ကျော်ကြားလျက်ရှိပြီး ယင်းငှက်မျိုးစိတ်များတွင် ကမ္ဘာပေါ်၌ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော ငှက်မျိုးစိတ် ၁၂ မျိုးသည် ရာသီအလိုက် မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ဝင်ရောက် ကျက်စားလေ့ရှိကြောင်း သိရသည်။



မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ဥပန်း၊ ခရုစုပ်ခေါင်းမဲ၊ ငှက်ကျား၊ ကြိုးကြာ၊ မြစ်တွေး၊ ငှက်ကြီးဝန်ပို၊ နှုတ်သီးရှည်ညို၊ ချည်ခင်စွပ်၊ ဘဲနီစပ်စသည့် ရေပျော်ငှက်နှင့် လင်းယုန်၊ စာဝါ၊ ဗွတ်မွဲစသည့် ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ငှက်မျိုးစိတ်များ ဝင်ရောက်ကျက်စားလျက်ရှိရာ ဆောင်းရာသီ၌ ရေပျော်ငှက်နှင့် အခြားငှက်မျိုးစိတ်များ ပိုမိုဝင်ရောက် ကျက်စားလေ့ရှိကြောင်း သိရသည်။

ဘေးမဲ့တောအတွင်း ဌာနေငှက်နှင့်ရွှေ့ပြောင်းငှက်များကို နှစ်စဉ် စာရင်းကောက်ယူ၍ ရေဝပ်ဒေသ ရှင်သန်တိုးတက်မှုနှင့် ဂေဟစနစ်ကြွယ်ဝမှုတို့ကို ဆန်းစစ်လေ့ရှိပြီး ထိုသို့ လေ့လာဆန်းစစ်ခြင်းဖြင့် အင်းအတွင်းကျရောက်သော ငှက်မျိုးစိတ်များကို မှတ်တမ်းတင်နိုင်ခြင်း၊ ရေဝပ်ဒေသဂေဟစနစ်အား ငှက် ဝင်ရောက်မှုအပေါ်မူတည်၍ ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ရှားပါး၊ မျိုးသုဉ်းလုနီးပါးနှင့် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော ငှက်မျိုးစိတ်များကို လေ့လာမှတ်တမ်းတင်နိုင်ခြင်းနှင့် ဆောင်းခိုငှက်နှင့် ဌာနေ ရေပျော်ငှက်မျိုးစိတ်တို့၏ အလေ့အထနှင့် ရေဝပ်ဒေသဂေဟစနစ်ဆက်သွယ်မှုကို သိရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ဘေးမဲ့တော အင်းအတွင်းနှင့် ဆက်စပ်ဧရိယာများတွင် ငှက်မျိုးစိတ် ၁၁၅ မျိုးမှ ကောင်ရေ ၂၀၂၃၂ ကောင်ခန့် တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။ အစာရေစာပေါများသော မိုးယွန်းကြီးအင်းနှင့် ဆက်စပ်ဧရိယာတို့တွင် စစ္စလီ၊ ဘဲရစ်၊ ဘဲပြာကလေး၊ ခရုတုပ်ငှက်တို့ အုပ်စုလိုက် များပြားစွာကျရောက် ကျက်စားခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီး ယမန်နှစ်ကထက် ထိုနှစ်တွင် ငှက်မျိုးစိတ် လေးမျိုးမှ ကောင်ရေ ၆၄၄ ကောင်ခန့်လျော့နည်းခဲ့ကြောင်း၊ အဆိုပါနှစ်တွင် ဆောင်းခိုငှက်မျိုးစိတ် ၃၀ တွင် ကောင်ရေ ၃၇၀၂ ကောင်၊ ဌာနေငှက် ၁၉ မျိုးတွင် ကောင်ရေ ၈၉၈၇ ကောင်၊ ကုန်းငှက်မျိုးစိတ် ၆၆ မျိုးတွင် ကောင်ရေ ၇၅၁၃ ကောင်တို့ဖြင့် စုစုပေါင်း ငှက်မျိုးစိတ် ၁၁၅ မျိုးတွင် ငှက်ကောင်ရေ ၂၀၂၃၂ ကောင်ကို မှတ်တမ်းပြုစုနိုင်ခဲ့သည်။ **သစ္စာ(MNA)**

ဓာတ်ပုံ – ဇွဲမာန်



ရွှေပြည်သာမြို့နယ်၌ နွေစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ရွှေပြည်သာ ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ နွေစပါး GW 11 စံပြစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် လိန်ကုန်းကျေးရွာအုပ်စု တောင်သူဦးမြင့်စိုး၏ လယ်မြေ ၆ ဒသမ ၃၀ ဧကခွဲ ကျင်းပသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်းမှာ ၁၂၄ ဒသမ ၅၆ တင်းထွက်ရှိသည်။

အဆိုပါနွေစပါးစံကွက်ရိတ်သိမ်းရာသို့ အမှတ်(၂)စစ်နယ်မြေမှူးဗိုလ်မှူးကြီးမင်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအေးလွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြောင်း သိရသည်။ **မြင့်ဦး**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

အမေရိကန် နည်းပညာကုမ္ပဏီကြီး Apple က iPhone ထုတ်လုပ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံ၌ ပြောင်းလဲထုတ်လုပ်ရန် စီစဉ်

ဝါရှင်တန် ဧပြီ ၂၆

အမေရိကန် နည်းပညာကုမ္ပဏီကြီး Apple သည် အမေရိကန်နိုင်ငံသို့ ရောင်းချသည့် iPhone ထုတ်လုပ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံ၌ ပြောင်းလဲထုတ်လုပ်သွားရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါ လှုပ်ရှားမှုသည် အမေရိကန် ၏မြင့်မားသော အခွန်ကောက်ခံမှုမူဝါဒနှင့် ဆက်စပ်မှုရှိကြောင်း ဗြိတိန် Financial Times နှင့် အခြားသော အနောက်တိုင်း မီဒီယာများက သတင်းဖော်ပြသည်။

Apple ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်ကုန်တွင် အမေရိကန်၌ ရောင်းချနေသည့် iPhone အားလုံး၏ ထုတ်လုပ်မှုလုပ်ငန်းများကို အိန္ဒိယနိုင်ငံရှိ စက်ရုံများ၌ စုစည်းဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

အမေရိကန်တွင် တစ်နှစ်လျှင် iPhone အလုံးရေ သန်း ၆၀ ကျော် ရောင်းချလျက်ရှိကြောင်း ကုမ္ပဏီက ပြောကြားသည်။

စစ်တမ်းတစ်ခုအရ iPhone ထုတ်လုပ်မှုများအနက် ၈၀ ရာခိုင်နှုန်းခန့်ကို တရုတ်နိုင်ငံတွင် ပြုလုပ်ကြောင်း သိရသည်။

စမတ်ဖုန်းများနှင့် အခြား အီလက်ထရွန်နစ်ပစ္စည်းများမှလွဲ၍ တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် ထပ်လောင်းအခွန် ၁၄၅ ရာခိုင်နှုန်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ချမှတ်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးအတွက် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို စုံစမ်းစစ်ဆေးပြီးနောက် ယင်းထုတ်ကုန်များအပေါ် အခြားသော အခွန်စည်းကြပ်မှုများ ချမှတ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝါရှင်တန်နှင့် ပေကျင်းတို့ကြား စည်းကြပ်ခွန်များ အပြန်အလှန် ကောက်ခံမှုများကြားတွင် Apple ကုမ္ပဏီသည် တရုတ်နိုင်ငံအပေါ် ၎င်း၏မှီခိုအားထားမှုကို လျှော့ချခြင်းဖြင့် အကောက်ခွန်စည်းကြပ်မှုကို လျှော့ချနိုင်ရန် ရည်ရွယ်ပုံရကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။



ကိုးကား – အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

အီရန်နိုင်ငံတောင်ပိုင်းရှိ ဆိပ်ကမ်းတစ်ခုတွင် ပေါက်ကွဲမှု ဖြစ်ပွား၊ ၄၀၆ ဦးထက်မနည်း ဒဏ်ရာရရှိ

တီဟီရန် ဧပြီ ၂၆

အီရန်နိုင်ငံတောင်ပိုင်း ဟော်မိုဂန်ပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုတွင် ယနေ့ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားခဲ့ရာ ၄၀၆ ဦးထက်မနည်း ဒဏ်ရာရခဲ့ကြောင်း နိုင်ငံ၏ အရေးပေါ်ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဘာဘာတ်ရေတာပရက်စ်၏ ပြောကြားချက်ကို ကိုးကား၍ တရားဝင် သတင်းအေဂျင်စီ အိုင်အာအင်န်အေက သတင်းဖော်ပြသည်။

ဒဏ်ရာရရှိသူများကို အနီးနားရှိ ဆေးဘက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ လူနာတင်ယာဉ်များနှင့် ကယ်ဆယ်ရေးအဖွဲ့များကို အခင်းဖြစ်ပွားရာသို့ ချက်ချင်းပို့ဆောင်ခဲ့ကြောင်း ရေတာပရက်စ်က ပြောကြားသည်။

အဆိုပါ ရှာဟစ်ရာဂျီး ဆိပ်ကမ်းရှိ ဓာတ်ငွေ့တိုင်ကီတစ်ခု ပေါက်ကွဲမှုကြောင့် မီးခိုးလုံးကြီးများ ကောင်းကင်သို့ လွှင့်ပျံတက်ခဲ့ပြီး အနီးနားရှိအဆောက်အအုံများနှင့် မော်တော်ယာဉ်များ ပျက်စီးခဲ့ကြောင်း သိရသည်။



ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

လျင်မြန်သောတုံ့ပြန်မှုများကို ဆောင်ရွက်နေပြီး ဆိပ်ကမ်းရှိ လုပ်ငန်းလည်ပတ်မှုအားလုံးကို ဆိုင်းငံ့ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ သေဆုံးသူ အရေအတွက်ကို အတိအကျ မသိရသေးသော်လည်း ဒဏ်ရာရသူ ဦးရေ တိုးလာဖွယ်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကူးစက်ခံရသည့် ကလေးငယ်တစ်ဦး ထပ်မံတွေ့ရှိ

အစ္စလာမာဘတ် ဧပြီ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခေဘာပတ်ထောင်ခွာပြည်နယ်၌ ပိုလီယိုရောဂါကူးစက်ခံရသည့် ကလေးငယ်တစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ယခုနှစ်အတွင်း ရောဂါတွေ့ရှိသူပေါင်း ရှစ်ဦးရှိကြောင်း အမျိုးသားကျန်းမာရေးဝန်ဆောင်မှုဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကလေးငယ်တွင် ပိုလီယိုဗိုင်းရပ်စ်ပိုးကူးစက်ခံထားရကြောင်း အမျိုးသားကျန်းမာရေးအင်စတီကျူလက်အောက်ရှိ ပိုလီယိုရောဂါတိုက်ဖျက်ရေးဒေသဆိုင်ရာဓာတ်ခွဲခန်းက အတည်ပြုပြောကြားသည်။ ခေဘာပတ်ထောင်ခွာပြည်နယ်၌ တတိယမြောက် ပိုလီယိုရောဂါတွေ့ရှိမှုဖြစ်ပြီး ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ အဋ္ဌမမြောက် ပိုလီယိုရောဂါ တွေ့ရှိမှုဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

ပါကစ္စတန်၏ ယခုနှစ် ဒုတိယမြောက် ပိုလီယိုကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုကို လုပ်ဆောင်နေချိန်တွင် အဆိုပါရောဂါတွေ့ရှိမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဧပြီ ၂၁ ရက်မှ ၂၇ ရက်အထိ ကာကွယ်ဆေးထိုးနှံရေးလှုပ်ရှားမှုတွင် အသက်ငါးနှစ်အောက် ကလေး ၄၅ သန်းကို ကာကွယ်ဆေးတိုက်ကျွေးရန် ရည်မှန်းထားသည်။

နောက်ဆက်တွဲလှုပ်ရှားမှုကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ ပါကစ္စတန်နိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် ပိုလီယိုရောဂါခံစားရသူ ၇၄ ဦးရှိကြောင်း တရားဝင်အချက်အလက်များအရသိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးရန် ဟားမတ်စ်အဖွဲ့ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိ

ဂါဇာစီးတီး ဧပြီ ၂၆

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကြိုးပမ်းမှုများကို ဆွေးနွေးရန် ဟားမတ်စ်အဖွဲ့သည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ယနေ့ ရောက်ရှိကြောင်း သိရသည်။

ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေး၊ အစ္စရေးနှင့် အကျဉ်းသားလဲလှယ်ရေး၊ ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်များ ဆုတ်ခွာရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီချက်တစ်ရပ်ရရှိရန်အတွက် ဟားမတ်စ်ကိုယ်စားလှယ်အဖွဲ့သည် အီဂျစ်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ ပိတ်ဆို့တားဆီးမှုများကြောင့် ဆိုးရွားနေသည့် လူသားချင်းစာနာထောက်ထားမှုအခြေအနေနှင့် အစားအသောက်နှင့် ဆေးဝါးများ တင်သွင်းရာတွင် လွယ်ကူချောမွေ့ရန် အရေးပေါ်လိုအပ်နေမှုနှင့် ပတ်သက်ပြီး ဆွေးနွေးရန် မျှော်လင့်ထားကြောင်းလည်း သိရသည်။

ဂါဇာကမ်းမြောင်အရေးနှင့် အခြားပြည်တွင်းရေး ကိစ္စများကို စီမံခန့်ခွဲရန်အတွက် လူထုထောက်ခံမှုကောင်စီတစ်ရပ်ဖွဲ့စည်းရန် ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဟားမတ်စ်က ထပ်လောင်းပြောကြားသည်။

ထို့ပြင် ကိုင်ရိုနှင့် ဒိုဟာမြို့တို့၌ အီဂျစ်၊ ကာတာနှင့် အမေရိကန်တို့က ကြားဝင်စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ဟားမတ်စ်အကြီးတန်းအရာရှိ မာမွတ်မာဒါဝီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဧနနဝါရီ ၁၉ ရက်တွင် စတင်ခဲ့သော ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရေး ပထမအဆင့် ခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၏ ပထမအဆင့် သက်တမ်းကုန်ဆုံးပြီးနောက် မတ် ၂ ရက်တွင် ဂါဇာသို့ ကုန်စည်နှင့် ထောက်ပံ့ရေးပစ္စည်းများ ဝင်ရောက်မှုကို အစ္စရေးက ရပ်ဆိုင်းခဲ့သည်။ ပထမအဆင့် သက်တမ်းတိုးရန် ကမ်းလှမ်းချက်ကို ဟားမတ်စ်က ပယ်ချခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အစ္စရေးက အခိုင်အမာဆိုသည်။ ထို့ပြင် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသအနှံ့ တိုက်ခိုက်မှုများကို မတ် ၁၈ ရက်တွင် ပြန်လည်စတင်ခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ၄က်ဖျားရောဂါဖြစ်ပွားမှုပေါင်း ၁၁ ဒသမ ၅ သန်းကျော်ရှိ

မာပူတို ဧပြီ ၂၆

မိုဇမ်ဘစ်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ၄က်ဖျားရောဂါဖြစ်ပွားမှုပေါင်း ၁၁ ဒသမ ၅ သန်းကျော်ရှိပြီး ဆေးရုံတက်ကုသသူ ၆၇၀၀၀ နှင့် ဆေးရုံတွင်သေဆုံးသူ ၃၅၈ ဦးရှိကြောင်း မိုဇမ်ဘစ်သမ္မတ ဒန်နီရယ် ချာပိုက ဧပြီ ၂၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့၄က်ဖျားရောဂါနေ့ အထိမ်းအမှတ် ကြေညာချက်တွင် ပြောကြားခဲ့သည်။



၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ရောဂါဖြစ်ပွားမှု ၁၂ ရာခိုင်နှုန်း ကျဆင်းကာ ဆေးရုံတက်ရောက်ခွင့် ၄ ရာခိုင်နှုန်း လျော့ကျပြီး သေဆုံးမှု တစ်ရာခိုင်နှုန်း လျော့ကျကြောင်း သိရသည်။

အသက်ငါးနှစ်အောက်ကလေးများတွင် ၄က်ဖျားရောဂါကူးစက်မှုသည် နိုင်ငံ၏ ဖျားနာမှုနှင့် သေဆုံးမှု၏ အဓိကအကြောင်းတရားများအနက် တစ်ခုဖြစ်ကြောင်း မိုဇမ်ဘစ်သမ္မတ ဒန်နီရယ်ချာပိုက ပြောကြားသည်။

ကာကွယ်ဆေးထိုးခြင်း၊ ခြင်ထောင်ဖြန့်ဖြူးခြင်းနှင့် ရာသီအလိုက် ကာကွယ်ဆေးများဖျန်းခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ၄က်ဖျားရောဂါကြောင့် လူပေါင်း ၆၀၀၀၀၀ ခန့် သေဆုံးခဲ့ပြီး ၉၅ ရာခိုင်နှုန်းသည် အာဖရိကတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုဇမ်ဘစ်နိုင်ငံသည် ၄က်ဖျားရောဂါကူးစက်မှု အမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်နေပြီး ကျန်းမာရေးစောင့်ရှောက်မှု အရင်းအမြစ်များနှင့် ခြင်ပေါက်ဖွားသော ရာသီဥတုအခြေအနေများ အပါအဝင် အခြားသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ **ကိုးကား – ဆင်ဟွာ**
ဘာသာပြန် – အောင်ကျော်ကျော်

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၆

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့်တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၃ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးတက္ကသိုလ်အရှေ့၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၃၆၅၅၂)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့ရှောင်လမ်း မီးရထားသံလမ်းအကျော်၌ မော်လမြိုင်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၁၅၄၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၂၂၀၉၅ ကို သိမ်းဆည်း ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတက္ကသိုလ်အရှေ့၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဧပြီ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင် တိုးဂိတ်အနီး၌ မော်လမြိုင်မှ ရန်ကုန်သို့ သွားရောက်မည့် ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၁၈၉၉၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Volvo Tractor Head သုံးစီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၁၈၉၉၀ ကို သိမ်းဆည်း ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၇၁၀၉၉၂)ကို သိမ်းဆည်းရမိ ခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်း စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ပဲခူးတက္ကသိုလ်အရှေ့၌ သိမ်းဆည်းရမိမှု။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ဥတိုမြန်မာစုကျေးရွာနေ ကျော်မင်းအောင်(ခ) ကျော်ကြီးအား ည ၅ နာရီတွင် စစ်ကွင်းနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
၂၇-၄-၂၀၂၅ တနင်္ဂနွေနေ့

MRTV HD
၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ပိုးကုန့်ယှဉ်ကာ...ထိပ်စေသော...TOP
၀၉:၁၅ ကာတွန်းအစီအစဉ် 'လှပသောကြေးဘိုးစည်' (အပိုင်း-၁၁)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'မေတ္တာရေစင်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၂:၅၅ This Week's Special Interest
၁၃:၀၅ အသိပညာနှင့်အမှန်တရား
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာဇာတ်ကွင်းရုပ်ရှင် 'တတိယဘဝယ်၏နှုတ်ယဝေနာ'
၁၆:၄၅ Sports Diary

mitv
07:02 Evergreen Classic: Migadawon
07:09 Famous Historic Pagodas in Yangon; Atula Dipatti Maha Muni Thetkya Koe Htat Gyi Pagoda
07:34 Myanmar Traditional Food: Mohinga
08:01 News
08:27 Faces Of ASEAN (Singapore)
08:33 Traditional Myanmar Theatrical Performance
09:22 Today Myanmar
09:33 Gardener of Royal Thazin Floral
09:52 Wet Markets of Yangon: Thirimingalar Market
10:01 News

MRTV NRC
ကယား (၀၆:၀၀ မှ ၀၈:၀၀)
ငါးချဉ်ဟင်းနှင့်ပိုးရာအထောင်း
၀၈:၀၀ (၀၈:၀၀ မှ ၀၉:၀၀)
သင်ယူလေ့လာတို့ရဲ့ဓာ(အပိုင်း-၁၃)
အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)
ထီလာပုဝံ
အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)
နည်းပုန်စိုက်ပျိုးဝင်ငွေတိုး(သွားစိုက်ပျိုးနည်း)
ချင်း (ရိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့်ပျောက်ငိုသီး
ချင်း (ဆျိုး) (၁၂:၀၀ မှ ၁၃:၀၀)
ဝိတိုရိယတောင်(ဇေါ်)ဇေါ်နေ့ရပ်

Me
၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၃၀ တိုင်းရင်းသားသီချင်း၊ အဂၤ(ကချင်)
၀၇:၀၀ မြန်မာသံစဉ်တေးများ
၀၇:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဒေဘင်အမြိုးနှံ့အမှုန်း' (အပိုင်း-၁၂)
၀၈:၀၀ စတီရီယိုတေးများ
၀၈:၂၀ ဇာတ်သဘင် 'ပွဲညနဲ့ဇာတ်ခုံ' (အပိုင်း-၁၀)
၀၉:၂၀ ချစ်စရာအရွယ်ကစားကြမယ် 'ရန်ကင်းမူလတန်းကြိုကျောင်းနှင့် ချမ်းမြေ့အိမ်မူလတန်းကြိုကျောင်း'
၀၉:၄၅ မြန်မာရုပ်ရှင် (ဒေးဂရောင်စုံ) 'သစ်ပိတ်'

MRTV NEWS
၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၀၀ MRTV National News
၁၆:၀၀ သတင်းမုန်းကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၁၅ Next Level
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၄၅ စူးစမ်းရှာဖွေလူးဟောင်းအပွေ
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT
၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဂျပန်နိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဓာတ်လမ်းတို့ 'ဝင်ဝင်ငွေးချယ်ရှိ'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဇရိကနိုင်ငံ' (အပိုင်း-၂)
၁၁:၀၀ ဂျူသိုချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၀)

MRTV FARMERS'
၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၀ တန်ဖိုးမြင့်မားမြန်မာ့သနပ်ခါး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၀:၂၀ Livestock on the Land
၁၀:၃၅ UNLOCK GOAT'S POTENTIAL- PROSPERITY THROUGH BWOGI'S MASTERY
၂၀:၃၀ ရင်ထဲကဌေးနန်းကျင်(ဇာတ်လမ်း)
၂၂:၀၀ The Batman (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS
၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Weekly Sports Info
၀၇:၄၅ Weekend News
၁၂:၀၀ FIFA MFF U-19 Youth League (Replay) Shew Pyi Thar United Vs Winner Soccer
၁၅:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel ကို ဇုန်(၂)နှင့် ဇုန်(၃)အတွင်းရှိ တင်ကြိုးမှန် (၄)ကန်မှ (၆)ကန်အထိ ဇုန်(၆)ကြိုးမှန်၊ ထုတ်လွှင့်ခြင်းသဘောရှိပါသည်။

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့သည့် လာအိုနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် လာအိုနိုင်ငံသားတစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။



ဖြည့်စွက်မှာကြား

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Second Secretary Mr. Boun Kham နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံတွဲခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်းသုံးနိုင်ငံအကြားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ်တက်ကြွစွာဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဧပြီ ၂၆


ယနေ့ည‌နေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွှေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီ ၂၈ ရက်မှ မေ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

အကြံပြုချက်


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

မိုး/၈လ


၂၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သုံးပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သုံးပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သုံးပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



လှည်းကူးမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအဆောက်အအုံပြုပြင်မွမ်းမံ ဖွင့်လှစ်



လှည်းကူး ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း အဆောက်အအုံပြုပြင်မွမ်းမံဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာစန်းစန်းမြင့်အောင်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မော်မော်သန်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဒေါက်တာယဉ်ငြိမ်းထွဋ်နှင့် အဖွဲ့ဝင်များက အဆောက်အအုံ(အသစ်)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး အဆောက်အအုံအတွင်း လှည့်လှည့်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာသောင်းဒန်ဦးက ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောသည်။ ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းဆုံအနီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မော်လမြိုင် ဧပြီ ၂၆

မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်းဆုံ အနီးပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

လမ်းညွှန်မှာကြား

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၇၀ ခန့်သည် တောင်ရိုးတန်း လမ်းဆုံအနီး ပတ်ဝန်းကျင်၌ သစ်ပင်ချုံနွယ် ပိတ်ပေါင်းများ၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူရှင်းလင်းခြင်း၊ လျှပ်စစ်မီးတိုင်၊ ဖုန်းတိုင်များနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို စက်ယန္တရားများဖြင့် ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်အစိုးရအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့ပြင် ပြည်နယ် ဝန်ကြီးချုပ်က မော်လမြိုင်မြို့နယ် တောင်ရိုးတန်းလမ်းသည် အများပြည်သူများ စိတ်အပန်းဖြေ လာရောက်သည့် နေရာဒေသဖြစ်ကြောင်း၊ ဘုရားဖူး ပြည်သူများ လာရောက်လည်ပတ်သည့် စေတီ၊ ပုထိုးများစုံရာနေရာ ဖြစ်ခြင်း၊ ကျန်းမာရေးလိုက်စား သူများအနေဖြင့်ကိုယ်လက်လှုပ်ရှား အားကစားများဆောင်ရွက်ခြင်း၊ တောင်ရိုးတန်းလမ်းတစ်လျှောက် လမ်းလျှောက်ကြသည့် အတွက် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပကောင်းမွန်စေရေးအလေးထား ဆောင်ရွက်ကြရန်နှင့် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေး၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ပုံမှန်ဆောင်ရွက်

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန့်ရှင်းသာယာလှပစေရေး အတွက် ပြည်သူ့အကျိုးပြု စုပေါင်း သန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာ စာသင်ကျောင်းများတွင်လည်း ကျောင်းသန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ်ပုံမှန် ဆောင်ရွက်လျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့သီရိမြိုင်ရပ်ကွက် အတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ဆယ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများ ပဲခူးမြို့နယ်အတွင်း ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်



ပဲခူး ဧပြီ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက ပဲခူးမြို့နယ် ပျဉ်ပုံကြီး ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်၊ လူပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှု ပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ခုတင် (၅၀၀)ဆံ့အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုး၊ ဘုရားကြီးမြို့အုပ်ချုပ်ရေးမှူး ဦးဟိုင်းကြိုင်ကြိုင်တိုးတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။

မှာကြားဆောင်ရွက်

ပဲခူးမြို့ခုတင် (၅၀၀)ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပျဉ်ပုံကြီးကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ပေးရာတွင် ပဲခူးမြို့နယ်အတွင်းရှိ ဘုရားကလေးကျေးရွာအုပ်စု၊ ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ ရွာသစ်ကိုင်းတာကျေးရွာအုပ်စုနှင့် ပျဉ်ပုံကြီးကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ်အတွင်းမှ ကျိုက်စကောကျေးရွာအုပ်စုနှင့် ဘုရားကြီးကွင်းကျေးရွာအုပ်စုတို့မှ ရဟန်း၊ ရှင်၊ လူ စုစုပေါင်း ၄၁၁ ဦး လာရောက်ပြသကြပြီး အဆိုပါလူနာများအထဲမှ အထွေထွေရောဂါလူနာ ၁၄၂ ဦး၊ သားဖွားမီးယပ်လူနာ ၄၇ ဦး၊ ကလေးလူနာ ၁၂ ဦး၊ အရိုးလူနာ ၁၀၆ ဦး၊ မျက်စိလူနာ ၆၉ ဦး၊ သွားနှင့် ခံတွင်းရောဂါ လူနာ ၃၅ ဦးတို့အား ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် သွားတုပြုလုပ်ရန်ခြောက်ဦးနှင့် မျက်စိအတွင်းတိမ်နှစ်ဦးအား ပဲခူးဆေးရုံကြီးတွင် ဆက်လက်ကုသရန်၊ အခြားလူနာ ၅၄ ဦးအား ပဲခူးဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆက်လက်ကုသနိုင်ရန် စီစဉ်မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၄-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၈၀၅	၂၉၂၀	၂၈၈၅	၂၈၂၀	၂၉၂၅	၂၉၄၀	၂၉၁၅	၂၈၇၅	၄၅၀၅	၃၁၇၀	၂၈၉၅	၂၈၉၅	၂၉၆၅	၂၉၃၀	၂၉၅၀	၃၂၁၀
95 Ron	၂၈၆၅	၂၉၀၅	၂၉၄၅	၂၈၇၅	၂၉၈၅	၃၀၀၀	၃၀၁၅	၂၉၃၅	၄၅၆၀	၃၂၂၅	၂၉၅၀	၂၉၅၀	၃၀၂၀	၂၉၈၅	၃၀၁၀	၃၂၆၅
HSD (500 ppm)	၂၄၃၅	၂၅၅၀	၂၅၁၅	၂၄၅၀	၂၅၅၅	၂၅၇၀	၂၅၉၀	၂၅၁၀	-	၂၈၀၀	၂၅၂၅	၂၅၂၅	၂၅၉၅	၂၅၆၀	၂၅၈၅	၂၄၄၀
HSD (50 ppm)	၃၀၁၀	၃၁၂၅	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၅	၃၀၈၅	၄၈၃၀	၃၃၇၅	၃၁၀၀	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၆၀	၃၄၁၅
HSD (10 ppm)	၃၀၁၀	၃၁၂၅	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၅	၃၀၈၅	-	၃၃၇၅	၃၁၀၀	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၆၀	၃၄၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၄၂	၂၇၂၀
95 Ron	၂၆၉၇	၂၇၀၅
HSD (500 ppm)	၂၂၀၅	၂၃၆၀
HSD (50 ppm)	၂၀၄၂	၂၉၂၀
HSD (10 ppm)	၂၀၄၂	၂၉၂၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျုံပျော်၌ သစ်စိမ်းမြေဩဇာမျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲပြုလုပ်

ကျုံပျော် ဧပြီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျော်) မျိုးစေ့ပေးအပ်ခြင်းနှင့် စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့နယ် ကျီးအိုင်ကျေးရွာအုပ်စု တောင်သူ ဦးအောင်ဇော်ဝင်း၏ လယ်မြေသုံးဧကတွင် ပြုလုပ်ရာ တာဝန်ရှိသူတို့က တက်ရောက်လာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် တောင်သူများထံသို့ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျော်) မျိုးစေ့များ ပေးအပ်ကြသည်။

ယင်းနောက် ကျုံပျော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းညွှန့်ဇင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်နှင့် ဝန်ထမ်းများ၊ တောင်သူများက လယ်မြေအတွင်းသို့ ပိုက်ဆံလျော်မျိုးစေ့များ စုပေါင်းကြဲပက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရင်ပြင်နှင့်ပတ်ဝန်းကျင်အား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ ဧပြီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရင်ပြင်နှင့် ပတ်ဝန်းကျင်အား ယနေ့နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကျွေးမွေးဧည့်ခံ

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက သွားရောက်ကြည့်ရှုအားပေးကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၄၀၀ ကျော်ဖြင့် ဘုရားစေတီပုထိုးများအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့ ဟံသာဝတီရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့အတွင်းရှိ ဟံသာဝတီရွှေဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဟံသာဝတီမြို့ရိုး တောင်ဘက်ရှိ မိုးကောင်း တံခါးပေါက်အနီးမှ ကုန်းဘောင်တံခါးပေါက်အနီးအထိ တစ်ဆက်တည်း မြို့ရိုးပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ကျုံးပြန်လည်တူးဖော်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ရိုးဖော်ထုတ်ခြင်း ဆောင်ရွက်ကြောင်းဖွင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် မြို့ရိုးဖော်ထုတ် ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် တူးဖော်တွေ့ရှိသည့်အထောက်အထားများကို သက်ဆိုင်ရာပညာရှင်များ၏ အကြံဉာဏ်ရယူ၍ မည်သည့် အဆောက်အအုံ ဖြစ်နိုင်သည်ကို အတည်ပြုရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟံသာဝတီမြို့ရိုး အရှေ့ဘက်ရှိ တောင်ငူတံခါးနှင့် အင်းဝတံခါး အကြား မြို့ရိုးပြန်လည်ဖော်ထုတ် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့ရိုးဖော်ထုတ်ခြင်း ဆောင်ရွက်ရာတွင် ကျုံးပတ်လမ်းဖော်ထုတ်ခြင်း၊ မြေညှိခြင်းများ တစ်ပါတည်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင်မော်ဆောယော် စူဠာမုနိဆံတော်ရှင် ရွှေအောင်ရွေးစေတီတော်သို့ သွားရောက်ဖူးမြော်ခဲ့ပြီး ဓာတ်လှေကား ပြန်လည်ပြုပြင်နိုင်ရေးနှင့် စေတီတော်တည်ရှိရာ ကုန်းတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေးနှင့် ငလျင်ဒဏ် ခံနိုင်မှုရှိစေရေး ပြန်လည်စစ်ဆေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး စေတီတော်ကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်ရေး အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ကမ္ဘောဇသဒီနန်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး ခေါင်းမိုးများ ရေလုံဆေးသုတ်ခြင်းနှင့် ရေတံလျှောက်တပ်ဆင်ခြင်းအား မိုးရာသီမရောက်မီ အပြီး ဆောင်ရွက်သွားရန်၊ နန်းတော်အတွင်းရှိ တိုင်လုံးကြီးများတွင် မြန်မာမှုတပ်ဆင်ခြင်း လုပ်ငန်းနှင့် ကြမ်းခင်းပြုပြင်ခြင်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ယင်းနောက် ဘုရင့်နောင်မင်းတရားကြီး စီးနင်းခဲ့သည့် လှည်းယာဉ်တော်ကြီးတွင် တပ်ဆင်သွားမည့် မြင်း ၁၆ ကောင်ရောက်ရှိနေမှုနှင့် အချောသတ်လုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင်အမှတ်(၇)ရပ်ကွက် ဝေဇယန္တာမဏ္ဍာရုံ၌ ပြည်သူများအား ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လူတိုင်း ကိုင်ဆောင်နိုင်ရန်၊ ပြည်သူများအားလုံး ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရန် အိမ်ထောင်စု စာရင်းများတွင် မိသားစုဝင်များ၏ လူဦးရေနှင့် အမည်စာရင်းများ မှန်ကန်စွာ ထည့်သွင်း ဖော်ပြနိုင်ရန်ဖြစ်ပြီး အသက် ၁၀ နှစ်နှင့် ၁၆နှစ် ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃ ကတ်နှင့် အသက် ၁၆ နှစ်အထက် ၄၂ ကတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက စုစုပေါင်း ၆၅ ကတ်ကို စမတ်ကတ်လည်း နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးကြည်သာဇော်၊ (၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်းနှင့်အဖွဲ့ဝင်တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



☆ မြန်မာမှ

ကစားသမားရွေးချယ်ရာတွင် သက်တမ်းသုံးခုအတွက် ရွေးချယ်နေပြီး အသက် ၁၂ နှစ်အောက် (၂၀၁၃ ခုနှစ် မွေးဖွားသူ)၊ အသက် ၁၃ နှစ်အောက် (၂၀၁၂ ခုနှစ် မွေးဖွားသူ)၊ အသက် ၁၄ နှစ်အောက် (၂၀၁၁ ခုနှစ် မွေးဖွားသူ) တို့ဖြစ်ကြောင်း သိရသည်။

ကစားသမားရွေးချယ်မှုများကို ရန်ကုန်မြို့အပြီးတွင် ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ မြစ်ကြီးနားမြို့ (ပြည်နယ်အားကစားကွင်း)၊ မေ ၁ ရက်မှ ၃ ရက်အထိ တောင်ကြီးမြို့ (ပြည်နယ်အားကစားကွင်း)၊ မေ ၅ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ (အကယ်ဒမီကွင်း)၊ မေ ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော် (ဘောဂဝတီကွင်း)တို့တွင် ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြို့နယ်အလိုက် အား/ကာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘောလုံးအဖွဲ့ချုပ်၊ ဒေသခံလက်ရွေးစင်ဟောင်းများနှင့် ဆက်သွယ်၍ အကယ်ဒမီကျောင်းသားသစ်ရွေးချယ်ရေး အစီအစဉ်များ ဆက်လက်ထုတ်ပြန်မည်ဖြစ်သည်။

ကိုညီလေး

❍ အဲဗာတန်မှ

တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစား ချိန် ၂၇ မိနစ်မှာ နီကိုလက်စ်ဂျက်ဆင်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

သွင်းယူပေးနိုင်ခဲ့

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ နီကိုလက်ဂျက်ဆင်ဟာ ၂၀၂၅ ခုနှစ်အတွင်း ချယ်လ်ဆီးအသင်းအတွက် ပထမဆုံးသွင်းဂိုး သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၃၄) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၀ ရရှိထားတာကြောင့် အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နိုင်ခဲ့ပေမယ့် အဲဗာတန်အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၃၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ဆက်လက်ရပ်တည်နေတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့ပြီး အဆင့်(၅)နေရာကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်တာကြောင့် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရေး မျှော်လင့်ချက် ရောင်ခြည် သန်းလာပြီလည်းဖြစ်ပါတယ်။

ငွေကြေယ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်ဝိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်းကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ခန် / သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြောက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နှန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၆။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

၄။ သစ်ပင်၊ ဓါတ်တိုင် နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓါတ်တိုင်များ၊ ဓါတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၄။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြိုးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၅။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၆။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၇။ ယာယီအခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်
လူမှုဂန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇
Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com

နွေရာသီ အခမဲ့ဂေါက်သီးရိုက်သင်တန်း ငါးရက်ကြာ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၆

Han Golf Msaters Golf Academyက စီစဉ်သည့် ဒုတိယအကြိမ် ၂၀၂၅ ခုနှစ် နွေရာသီ မျိုးဆက်သစ် လူငယ်အခြေခံ ဂေါက်သီးရိုက်သင်တန်းကို မေ ၅ ရက်မှ ၉ ရက်အထိ အခမဲ့ပညာဒါနအဖြစ် ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

"ဂေါက်သီးအားကစားနည်းက နည်းစနစ်ပိုင်းမှာ အခြေခံစမ်းတာနဲ့ တိုးတက်မှုမှာလည်း နှောင့်နှေးသွားမယ်။ အခြေခံမှန်မှ ဖြစ်မှာပါ။ ဒါကြောင့် အသက် ၁၀ နှစ်ကစပြီးတော့ သင်ကြားဖို့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဂေါက်သီးကို လုံးဝမရိုက်တတ်တဲ့သူတွေကို သင်ကြားပို့ချပေးသွားဖို့ ရည်ရွယ်ပါတယ်။ ဒီလိုသင်ကြားပို့ချပေးခြင်းအားဖြင့် နည်းစနစ်ကျကျ တတ်မြောက်သွားစေမှာဖြစ်ပါတယ်"ဟု Han Golf Msaters ၏ နည်းပြနှင့် ကျောင်းအုပ်ကြီး ဦးကိုကိုလေးက ပြောကြားသည်။

လူငယ်အခြေခံ ဂေါက်သီးရိုက်သင်တန်းကို အသက် ၁၀ နှစ်မှ ၁၈ နှစ်အထိ လူငယ် အယောက် ၃၀ အထိသာ ကန့်သတ်ထားပြီး ထိပ်တန်းနည်းပြဆရာများဖြစ်သော ဦးချမ်းဟန်၊ ဦးကိုကိုလေးနှင့် ဦးသီဟဌေး၊ ဦးစိန်ပိုင်၊ ဦးအောင်မျိုးဟိန်းနှင့် နည်းပြဆရာများက စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို တက်ရောက်လိုသူများသည် မေ ၃ ရက် ညနေ ၆ နာရီ နောက်ဆုံးထား၍ မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့်ရှိ Han Golf Msaters Driving Range သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ



တာမွေမြို့နယ်၌ နွေရာသီ ကလေးငယ်များ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၆

တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စီစဉ်ဖွင့်လှစ်သော နွေရာသီ ကလေးငယ်များ ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်ရှိ သာဝတ္ထိကျောင်းတိုက်၌ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ကလေးသူငယ်များ တက်ရောက်ခဲ့ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အဆိုပါ နွေရာသီကလေးငယ်များ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်နေမှုအခြေအနေများကို သဃ်နိုးကျွန်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်း၌ ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ ဆရာ ဆရာမများက ကလေးသူငယ်များအား ဗုဒ္ဓဘာသာဝင်လူမျိုးများ၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာများ၊ (၃၈)ဖြာ မင်္ဂလာကဗျာများနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်ဆုံးမစာများကို ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အဘိဓမ္မာ ၊ ဋီကာကျော် ၊ ဝိသုဒ္ဓိမဂ် သင်တန်းများ ဖွင့်လှစ်ပို့ချ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၂၀၂၅ ပညာသင်နှစ် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ် သင်တန်းများ ဖွင့်လှစ်ပေးခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါ အသင်းခန်းမ၌ ပြုလုပ်သည်။



မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း နာယကကြီး ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်းက သြဝါဒအမှာစကား ပြောကြားသည်။ ထို့နောက် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းနာယက မယ်လမုစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သုခမွမဏိဓောတရ ဦးလှကြည်က အမှာစကားပြောကြားပြီး မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်သန်းသန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့သည်။ ယင်းနောက် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း ဒုတိယဥက္ကဋ္ဌ (စီမံ) ဦးကြည်စိုးက သင်တန်းစီမံရေးရာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆုတောင်းပြည့် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ ၂၀၂၅ ပညာသင်နှစ် အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်းများကို နည်းပြရှစ်ဦးက သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၈၀ ခန့်က တက်ရောက်သင်ယူမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ ဒီဇင်ဘာလအထိတစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီခွဲထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

ရွှေတောင်မြို့နယ်တွင် စာစီစာကုံးရေးနည်း သင်တန်းဖွင့်လှစ်

ရွှေတောင် ဧပြီ ၂၆



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာစီစာကုံးရေးနည်းသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် စာပေချစ်သူများအသင်း Book Club အဖွဲ့ဝင် ဆရာကြီး ဦးဇော်မင်းက စာစီစာကုံးရေးနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားသည်။

ထို့နောက် စာပေချစ်သူများအသင်း Book Club အဖွဲ့ဝင် ဆရာကြီး ဦးဇော်မင်းက စာစီစာကုံးရေးနည်းတို့ကို အခြေခံကအစသင်ကြားပေးခဲ့ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းဖွင့်လှစ်



သဲကုန်း ဧပြီ ၂၆

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အခြေခံပညာဦးစီးဌာနက ကြီးမှူးပြု၍ ကာယပညာနှင့် အားကစားနည်းပြ (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အထက(သဲကုန်း) သာဓုခန်းမ၌ ကျင်းပသည်။

လေ့ကျင့်သင်ကြားပို့ချ

အဆိုပါသင်တန်းတွင်မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ (ထက်/လယ်/မူ) ကာယ ဆရာ ဆရာမ ၃၆ ဦးအား သင်တန်းနည်းပြဆရာ ၁၁ ဦးက ကာယပညာစီမံအုပ်ချုပ်မှုဘာသာရပ်၊ ကာယပညာနှင့် အားကစားသင်ကြားမှုဘာသာရပ်၊ အားကစားလေ့ကျင့်မှု ခန္ဓာဗေဒနှင့် ဆေးပညာဘာသာရပ်၊ ကာယပညာအခြေခံသဘောတရားများ၊ Fitness Dance၊ ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲ(၃/၄)၊ ကြံ့ခိုင်မှုစွမ်းရည်လေ့ကျင့်ခန်းများ၊ ကြက်တောင်ကစားနည်း၊ စားပွဲတင်တင်းနစ်ကစားနည်း၊ ဘော်လီဘောအားကစားနည်း၊ ဘောလုံးအားကစားနည်း၊ ပြေးခုန်ပစ်ကစားနည်း၊ အကြောဆန့်လေ့ကျင့်ခန်းများကို ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပူတာအို၌ ရဝမ်လူမျိုးများ၏ရှေးဟောင်းအနုပညာ(အဆို၊ အက၊ အတီး၊ အမှုတ်)သင်တန်းဆင်း

ပူတာအို ဧပြီ ၂၆

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူးဖွင့်လှစ်သော ရဝမ်လူမျိုးများ၏ ရှေးဟောင်းအနုပညာ(အဆို၊ အက၊ အတီး၊ အမှုတ်) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်ခရန်ခူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက သင်တန်းတွင် မိမိသင်ကြားခဲ့သောဘာသာရပ်အလိုက် ရဝမ်လူမျိုးများ၏ ရှေးဟောင်းအနုပညာ(အဆို၊ အက၊ အတီး၊ အမှုတ်)များဖြင့် လက်တွေ့ တီးမှုတ်ကပြ ဖျော်ဖြေကြသည်။



ဆက်လက်၍ မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများက ရဝမ်မနော ကွင်း၌ ရဝမ်အဓိ(မနောအက)အမျိုးမျိုးဖြင့် စုပေါင်းလက်တွေ့ ကပြ ဖျော်ဖြေကြသည်။

အဆိုပါ ရဝမ်လူမျိုးများ၏ ရှေးဟောင်းအနုပညာ(အဆို၊ အက၊ အတီး၊ အမှုတ်) သင်တန်းတွင် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၅ ဦးတို့ကို ဧပြီ ၁၉ ရက်မှ ၂၆ ရက်အထိ သင်တန်းနည်းပြများက သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ဝတ္ထုတို

ပိုင်ပိုင်

(၁)

လူအိုရုံ။ စစ်ကြိုခေတ်ကာလနှောင်းပိုင်းတုန်းကတော့ လူအိုရုံလို့ ခေါ်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှ ဘိုးဘွားရိပ်သာလို့ ပြောင်းလဲသတ်မှတ်ခေါ်ခဲ့ကြတာ။ ကျေးဇူးရှင်လူမှုဝန်ထမ်း ဒေါ်ဦးဇွန်းက ပထမဦးဆုံးမျိုးစေ့ချပေးခဲ့တဲ့လူအိုတွေ အေးချမ်းစွာမှီခိုနေထိုင်ကြတဲ့ နေရာ။

ကျွန်မ အရွယ်ကောင်းချိန်တုန်းကတော့ စီးပွားရှာနိုင်တယ်ဆိုတဲ့မာန်နဲ့ ဘဝဆည်းဆာချိန်မှာ အခုလိုလူအိုရုံမှာ လာရောက်နားခိုရလိမ့်မယ်လို့ တစိုးတစိမ့် မတွေးဖြစ်ခဲ့ပါဘူး။ “စေတနာကောင်းရင် ကံကောင်းတယ်” ဆိုတဲ့စကားက ကျွန်မအတွက် မှားခဲ့ပြီးမှ အခုတော့မှန်နေပြန်ပါပြီ။ အေးချမ်းသာယာလှတဲ့ ဒီမင်းကွန်းဘိုးဘွားရိပ်သာမှာ လာရောက်ခိုလှုံခွင့်ရတာက ကံများပြန်လည်ကောင်းလာခြင်းရယ်ပါ။ ညနေခင်းမှာ ရိပ်သာရဲ့အရှေ့ဘက်လေ့ကားကဆင်းပြီး ဧရာဝတီမြစ်ကမ်းဘေး မြက်ခင်းစိမ်းစိမ်းလေးပေါ် လမ်းလျှောက်ကြတဲ့ ကျွန်မတို့အဘွားအိုတစ်စု။ တစ်ယောက်ကို တစ်ယောက်ဖေးမကြရင်း ဖြည်းဖြည်းချင်း လမ်းလျှောက်နေကြတာက ပုရွက်ဆိတ်လေးတွေလိုပါပဲ။ လမ်းမလျှောက်နိုင်ကြတော့တဲ့ လူအိုကြီးရင့် ဘိုးဘွားတချို့ကလည်း ရိပ်သာဝင်းထဲက စောင်းတန်းရှိ ခုံလေးတွေမှာ ထိုင်ပြီး မြစ်ပြင်ကိုဖြတ်ပြီး တိုက်ခတ်လာတဲ့လေနုအေးကို ရှူရှိုက်နေတတ်ကြပါတယ်။ အသက်ခုနစ်ဆယ်အရွယ် အဘွားအို ကျွန်မက မှုန်သီဝေဝါးနေတဲ့မျက်ဝန်းနဲ့ ဧရာဝတီမြစ်ကြီးကိုကျော်ပြီး ဇာတိချက်ကြွေမွေးရပ်မြေ မန္တလေးမြို့ကြီးကို မှုန်ဝါးဝါးသာမြင်ရပေမယ့် စိတ်ထဲမှာတော့ လွမ်းဆွတ်ခြင်းနဲ့ အနီးကပ်မြင်နေရသလိုပါပဲ။

ကျွန်မ ဒီလူအိုရုံကို ရောက်ခဲ့တာ နှစ်နှစ်ရှိပြီ။ တစ်ချိန်က ရွှေထီးဆောင်းခဲ့ရတဲ့ အချိန်တွေကိုလည်း မေ့ပစ်လာနိုင်ပြီ။ ပေးတိုင်းပြန်မရနိုင်တဲ့ မေတ္တာတွေအပေါ်လည်း ဘာမှမခံစားတတ်တော့ဘူး။ ဘဝတူ သက်တူရွယ်တူလူအိုအများစုဝေးရာ ဒီရိပ်သာကြီးမှာ ကျွန်မစိတ်အေးချမ်းနေပြီ။ ကျွန်မရဲ့စိတ်တွေက အတိတ်ကို ခဏာတဖြတ်တော့ ပြန်ရောက်သွားတတ်ပါသေးတယ်။


(၂)

မန္တလေးမြို့ကြီးမှာ ဈေးချိုဈေးကလူစည်ကားရာ နာမည်ကြီးတဲ့ဈေး။ ဆိုင်ခန်းသုံးခန်းမှာ လူငှားခြောက်ယောက်နဲ့ လက်မလည်အောင်ရောင်းရတဲ့ ကျွန်မရဲ့အထည်ဆိုင်။ ယိုးဒယားမိတ်၊ တရုတ်မိတ်၊ ကလေး၊ လူကြီး အထည်စုံဆိုင်ဒီစုံလက်ကားရောင်းပေးတာဆိုတော့ နယ်ပေါင်းစုံက လာဝယ်သူတွေ အကြိုက်ပေါ့။

“ကဲ.. မချောရေ..ဒီပါတိတ်အဆင်ကနောက်ဆိုဝင်မှာမဟုတ်ဘူးနော်။ ရှင်တို့နယ်အကြိုက်အဆင်တွေ များများသာယူသွား”

“ငွေမလောက်တော့ဘူး မမမြဲရဲ့။ နောက်တစ်ခေါက် ဈေးလာဝယ်မှ ငွေချေရမယ်ဆိုရင် ငါးစည်းလောက်ယူသွားချင်တယ်”

“ယူ..ယူ။ မယုံရသူမှ မဟုတ်တာ။



ကျွန်မ ကြွေးကျန်စာရင်းမှတ်ထားပါ့မယ်”

ကျွန်မဆိုင်မှာ လက်ကားဝယ်ပြီး ပြန်ရောင်းချကြတဲ့ အမာခံဖောက်သည်တွေကို စေတနာအပြည့်နဲ့ အကြွေးလည်းရောင်းပေးပါတယ်။ အဲဒီလို သူတို့မြတ်ကြပါစေဆိုတဲ့စာနာစိတ်နဲ့ အကြွေးရောင်းပေးမိတာ မချောတစ်ဦးတည်း မဟုတ်ပါဘူး။ ကျွန်မဆိုင်မှာ အထည်သစ်တွေထပ်တင်ဖို့ ငွေရင်းလိုလာတဲ့အခါမျိုးမှာတော့ အကြွေးယူသွားသူတွေကို မျှော်ရတာ ရင်မောရပါတယ်။

“အန်တီ... အရင်လက အကြွေးယူသွားတဲ့ ဒေါ်ချောလေ၊ သမီးတို့ဆီကို မလာဘဲ ဟိုဘက်ဆိုင်မှာ ဝယ်နေတာတွေ့ခဲ့တယ်”

“ဟင်..ဟုတ်လား။ မအိလေး သွားမြန်မြန်သွား အဲဒီမချောကို အန်တီခေါ်နေတယ်ပြောပြီး ခေါ်ခဲ့”

နေ့ခင်းအိမ်ပြန်ပြီး ထမင်းချိုင့်သွားယူတဲ့ဆိုင်က မအိလေးက ချိုင့်လေးချကာသုတ်ခနဲပြန်ပြေးထွက်သွားတယ်။ အခုရက်ပိုင်းမှာ ကျွန်မ ငွေရင်းတော်တော်လိုနေတယ်။ ဆိုင်ကလည်း အရောင်းပါး၊ အကြွေးယူသူတွေက ပေါ်မလာ။ မုဆိုးမကြီး မေမေက တရှောင်ရှောင်ဖြစ်လို့ ညနေဆိုင်သိမ်းချိန်တိုင်း ဆေးခန်းပို့ရတာ ခဏာခဏာ။

“အန်တီရေ ... မတွေ့တော့ဘူး။ အကျင့်ပုပ်လိုက်တာ၊ အကြွေးကျလာမပေးဘူး၊ သူများဆိုင်ကကျတော့ လက်ငင်းဝယ်သွားတာတဲ့”

ပြောသာပြောလိုက်ရပေမယ့် အဲဒီလိုမျိုး ကျွန်မ ခံရပေါင်းမနည်းတော့။ တဖြည်းဖြည်း ရောင်းအားက ကျလာ။ ငွေရင်းကမလိုက်နိုင်နဲ့ ကျွန်မအထည်ဆိုင် တစ်ခန်းပြီးတစ်ခန်းပြန်ရောင်းပစ်ရတယ်။ ဆိုင်ခန်းလေးတစ်ခန်း လူငှားလေးနှစ်ယောက်နဲ့ လည်ပတ်အောင်ကြိုးစားနေဆဲမှာ အမေဆုံးပါးခဲ့ရတယ်။ မလိမ္မာတဲ့ညီမဖြစ်သူကလည်း ယောကျ်ားနဲ့ကွဲလာပြီး သားတစ်ယောက်၊ သမီးတစ်ယောက်နဲ့ အိမ်ကိုပြန်ရောက်လာတယ်။

(၃)

“အငယ်မ... ငါစီးပွားရေးမကောင်းတာ ညည်းသိနေတာပဲ၊ နင့်ရဲ့သားကြီး ဂျပန်သွားဖို့က ငွေအများကြီး ကုန်မှာလေ၊ ဘယ်လိုလုပ်ငါကထုတ်ပေးနိုင်မှာလဲအေ”

“ရောင်းမကောင်းမှတော့ ဆိုင်ခန်းရောင်းပြီး သားကြီးကို ဂျပန်ပို့ပေးရမှာပေါ့ အစ်မရဲ့၊ ဟိုမှာ သူအလုပ်လုပ်ပြီး ငွေပြန်ပို့ပါ့မယ်ပြောနေတာကို”

“အိုအေ...သူက ငွေပြန်ပို့ မပို့ဆိုတာထက် မိဘလက်ငုတ်လက်ရင်း ဆိုင်ခန်းလေးတစ်ခန်းပဲရှိတော့တာ။ တို့တွေလက်မဲ့ဖြစ်မှာစိုးလို့ပေါ့”

ကျွန်မက ဆိုင်ခန်းရောင်းပေးဖို့ သဘောမတူတာနဲ့ အငယ်မ စိတ်ဆိုးပါပြီ။

“ဒီမယ်အစ်မ၊ မိဘထားခဲ့တဲ့ ဆိုင်ခန်းတွေလေ။ အစ်မ အသုံးမကျလို့ တိုးမလာဘဲ ဖွဲ့ရောင်းပစ်လို့ အခုတစ်ခန်းပဲကျန်တာမလား။ လူတိုင်းကိုယုံ၊ စေတနာထားအကြွေးပေးလိုပေး။ ဆိုင်မှာငှားထားတဲ့ကောင်မလေးတွေက လစ်ရင်လစ်သလို ငွေယူတာကိုသိလည်း သနားလို့၊ မရှိရှာလို့ ယူမိတာနေမှာဆိုပြီး စာနာပေး။ အဲဒီလိုတွေဆိုတော့ မွဲမှာပဲလေ”

အငယ်မရဲ့ အပြစ်တင်စကားတွေကို ကျွန်မပြန်ပြီး မချေပချင်တော့ပါဘူး။ သူကကော အထည်ဆိုင်မှာ ရောင်းဖို့စိတ်ဝင်စားခဲ့လို့လား။ မင်းသမီးလို ကျော့ကျော့လေးနေပြီး အပျိုဖော်ဝင်ပြီးတာနဲ့ ယောကျ်ားနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တာ။ အမေမုဆိုးမကြီးနဲ့ ကျွန်မသာ အထည်ရောင်းစီးပွားရှာနေခဲ့ရတာ။ သူငွေလိုတိုင်း လာလာတောင်းသုံးတယ်။ အမေကလည်း သမီးငယ်က လင်ရကံဆိုးရှာတယ်ဆိုပြီး တောင်းသလောက်အမြဲပေးခဲ့တာကို ကျွန်မ မကန့်ကွက်ခဲ့ပါဘူး။ အငယ်မရဲ့ အိမ်ထောင်ရေးကို ကြည့်ပြီး အိမ်ထောင်ထူဖို့ ကျွန်မစိတ်ကူးမရှိခဲ့ပါ။ အခုလို သားသမီးနှစ်ယောက်နဲ့ အိမ်ပြန်ရောက်လာတော့လည်း အထည်ဆိုင်ကို လာမကူပါဘူး။ ဈေးရောင်းတာကို ဝါသနာမပါဘူး လို့ပြောသေးတာ။ တူလေးနဲ့ တူမလေးကို ကျွန်မသိပ်ချစ်ပါတယ်။

“ကဲပါ ပြောရတာမောပါတယ်။ ဆိုင်ခန်းဝယ်မယ့်သူနဲ့ ကျွန်မပြောပြီးပြီ။ အစ်မတစ်ယောက်တည်းပိုင်တဲ့ ဆိုင်ခန်းမဟုတ်ဘူးနော်။ ကျွန်မသားကြီး သွားချင်တာကို ရအောင်လုပ်ပေးရမှာပဲ”

ကျွန်မရင်ထဲမှာ နာနာကျင်ကျင်ခံစားလာရပါတယ်။ အငယ်မပြောတဲ့စကားက ချည်ပြီးတုပ်ပြီး။ နောက်ဆုံးတော့ သူတို့သားအမိတွေ ဆန္ဒပဲပေါ့။

အိမ်မှာပဲ အထည်လေးတွေတင်ပြီး ရပ်ကွက်ထဲက လူတွေကိုသာ ပါးပါးလျလျ ရောင်းနေရပါတော့တယ်။ တူလေးက ဂျပန်နိုင်ငံရောက်သွားပြီး ခြောက်လအကြာမှာ ငွေနည်းနည်းတော့ ပို့သေးတယ်။ ဘယ်လောက်ပို့လဲဆိုတာတော့ ကျွန်မမသိရပါဘူး။ တစ်နှစ်ကျော်ကြာပြီးတော့ ငွေမပို့တော့ဘူး။ ဟိုမှာ မိန်းမရနေပြီကြားရတာပဲ။ အငယ်မလည်း စိတ်ပျက်လက်ပျက်ဖြစ်နေရပြီ။

(၄)

“အစ်မ...အိမ်ရောင်းမှဖြစ်တော့မယ်”

“ဟင်...”

စကားဦးမသန်းဘဲ ပြောလိုက်တဲ့ အငယ်မစကားက ကျွန်မခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပဲ။ မျက်စေ့တွေ ပြာဝေလာတဲ့အထိ လန့်ဖျပ်သွားမိတယ်။

“ဘာလို့လဲအငယ်မ။ အိမ်ရောင်းလိုက်ရင် ငါတို့ဘယ်မှာသွားနေမလဲ”

“ဘာဖြစ်ရမလဲ။ အကြွေးတွေပူလာလို့ပေါ့။ သားကြီးဂျပန်သွားတဲ့စရိတ်က ဆိုင်ခန်းရောင်းတဲ့ငွေနဲ့ မလောက်လို့ သူများဆီကပါချေးပေးလိုက်ရတယ်လေ။ မလိမ္မာတဲ့သားကလည်း ဂျပန်သွားတဲ့ စရိတ်တောင် ကျေအောင်ပြန်မပို့ဘူး။ အခုဆို သူ့ဆီငွေတောင်းမှာစိုးလို့နေမှာ အဆက်အသွယ်ဖြတ်ထားတယ်။ အကြွေးရှင်တွေ ပူတာကတစ်မျိုး။ အစ်မတူမကလည်း ဘွဲ့ရပြီးလို့ အရာထမ်းငယ်စာမေးပွဲဖြေဖို့တဲ့။ လေ့လာရေးတွေလည်း ဆင်းရမယ်ဆိုလား။ နေ့စဉ်စားစရိတ်ကကော အစ်မအထည်လေး ရောင်းရတာနဲ့ မလောက်ငတော့ အကြွေးယူစားရတာပဲလေ။ အခုတော့မနိုင်မနင်းတွေဖြစ်လာပြီ။ ဘာပဲပြောပြော ကျွန်မသမီး တိုးတက်ရေးအတွက် မရှိ ရှိအောင်ကြောင်းကြံပေးရမှာပဲ။ စက်မှုကွက်သစ်ဘက်မှာ မြေဝယ်ပြီး နေကြရုံပေါ့”

တုန်တုန်ယင်ယင်နဲ့ မေးလိုက်တဲ့ ကျွန်မစကားက အငယ်မ လေမုန်တိုင်းတိုက်ခတ်သလို ပြန်ပြောလာတဲ့စကားတွေအောက် ဘာမှထပ်ပြောစရာမရှိတော့။ သူတို့သဘောအတိုင်းပါပဲလေ။ စက်မှုကွက်သစ်ထဲ ပြောင်းရွှေ့နေပြီး ရပ်ကွက်က မနက်ခင်းစျေးလေးမှာ ကျွန်မ အထည်ရောင်းပါသေးတယ်။ အရောင်းမတွင် အရင်းပြုတ်ပေါ့။ တူမလေး အရာထမ်းငယ်ရာထူးနဲ့ အလုပ်ဝင်ရလို့ အသက်ရှူချောင်ပြီ ထင်ကာရှိသေးတယ် မကြာပါဘူး။ အလုပ်အကိုင်မရှိတဲ့ ကောင်လေးခပ်ငယ်ငယ်နဲ့ရပြီး အိမ်ပေါ်ခေါ်တင်လာတယ်။ ဒုက္ခဆိုတာက အဖော်အပေါင်းနဲ့ လာတတ်တယ်ထင်ပါရဲ့။ တူမလေးယောကျ်ားက သန္ဓေဆိုးလိုက်တာ။ တူမလေးမှာတော့ သူ့ရုံးမှာ အရာထမ်းငယ်သာဆိုတယ် အိမ်မှာတော့ ယောကျ်ားရဲ့ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးအဖြစ်နဲ့ သမီးလေးနှစ်ဦးအဖတ်တင်လာပါတယ်။ စျေးပဲရောင်းတတ်တဲ့ကျွန်မ တခြားဘာအလုပ်မှလည်း မလုပ်တတ်။ အသက်အရွယ်ကြီးလာသူမို့ ပင်ပန်းရတဲ့ အလုပ်လည်း မလုပ်နိုင်။ ဝင်ငွေမရှာနိုင်တဲ့ ကျွန်မ အိမ်မှာနေရ၊ စားရတာကို စိတ်ပင်ပန်းအားငယ်လာတယ်။ အငယ်မကတော့ သူ့မြေးနှစ်ဦးရဲ့ ဝေယျာဝစ္စတာဝန်နဲ့ မအားနိုင်ရှာဘူး။ အငယ်မထက် အသက်ဆယ်နှစ်ကြီးတဲ့ ကျွန်မအသက် ခြောက်ဆယ့်ရှစ်နှစ်အရွယ်မှာ တော်တော်လေး စိတ်အားငယ်လာတယ်။ အလုပ်ကို လက်ကြောတင်းအောင်မလုပ်တဲ့ တူမလေးယောကျ်ားက ကျွန်မကို လူအိုလူပိုကြီးလို့ဖွင့်မပြောရုံဆက်ဆံပြုမူလာတယ်။ ကြိုးမြင့်လာတဲ့ကုန်စျေးနှုန်းက ကျွန်မကို ဒီအိမ်ကနေစွန့်ခွာသွားဖို့ တိုက်တွန်းနေသလိုပါပဲ။ ကျွန်မရဲ့အိုနာသေရေးကို သူတို့ကိုလည်း မဖိစီးစေချင်တော့ဘူး။ ဘဝနေဝင်ချိန်ကို ကိုယ့်သွေးသားမိသားစုဝင်တွေကြားထဲမှာ နွေးထွေးစွာဖြတ်သန်းချင်တဲ့စိတ်က လူတိုင်းကိုယ်စီရှိကြမှာပါ။ ဒါပေမဲ့ ကျွန်မကိုယ့်ဘဝရဲ့ အိုနာသေရေးကို ဆိတ်ငြိမ်အေးချမ်းရာမှာသာဖြတ်သန်းဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို အငယ်မနဲ့ တူမလေးမိသားစုက မျက်နှာညှိုးဖြစ်နေကြပေမယ့် မတားကြပါဘူး။ ကျွန်မ ရပ်ကွက်လူကြီးတွေကို မင်းကွန်းဘိုးဘွားရိပ်သာ လိုက်ပို့ပေးပါလို့ အကူအညီတောင်းလိုက်ပါတယ်။

(၅)

သာသနာ့နယ်မြေ စစ်ကိုင်းတောင်ရိုးကြီးအရှေ့ဘက် တောင်ဆင်းလမ်းလေးအတိုင်း မင်းကွန်းကို သွားရာလမ်းပေါ်မှာ ကတည်းက ကျွန်မစိတ်အေးချမ်းမှုကို စတင်ခံစားလာရပါပြီ။ တရိပ်ရိပ်မောင်းနေတဲ့ မိနီအိုးဝေလေးပေါ်ကနေပြီး ဧရာဝတီမြစ်ပြင်ရှုခင်းကို ငေးမောရင်း သံယောဇဉ်အမျှင်တန်းတွေကို ခွာချထားခဲ့ပါပြီ။ သပ်ရပ်အေးချမ်းကျယ်ဝန်းလှတဲ့ မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကြီးမှာ ကျွန်မကို အပ်ထားခဲ့ပြီး ရပ်ကွက်လူကြီးနှစ်ဦးပြန်သွားကြပါတယ်။ ကျွန်မရဲ့ကိုယ်ရေးအချက်အလက်ကို မှတ်တမ်းပြုပြီး အရှေ့ဘက်ဆုံးက အဘွားဆောင်မှာ နေရာချထားပေးတယ်။ အကွာအဝေးညီညီညာညာ စီတန်းချထားပေးတဲ့ တစ်ယောက်အိပ်ခုတင်ဘေးမှာ တစ်ကိုယ်ရေသုံးပစ္စည်းများထည့်ဖို့ ခါးတစ်ဝက်လောက်မြင့်တဲ့ ဗီရိုပုလေးတစ်လုံးစီထားပေးတယ်။ အဘွားဆောင် သုံးဆောင်၊ အဘိုးဆောင် နှစ်ဆောင်ရှိပါတယ်။ လက်ရှိမှာ အဘိုး ၁၃ ယောက်၊ အဘွား ၄၁ ယောက် အေးချမ်းစွာခိုလှုံနေကြပါတယ်။ မနက်ငါးနာရီအာဟာရဆန်ပြုတ်၊ ဆယ်နာရီ ထမင်း၊ နေ့ခင်းနှစ်နာရီ ကော်ဖီနဲ့မုန့်၊ ညနေ ငါးနာရီ ညစာထမင်းတို့ ကျွေးမွေးပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလည်း အမြဲမပြတ် ဆောင်ရွက်ပေးတယ်။ မနက်ခင်းနဲ့ ညချမ်းအချိန်တွေမှာ ဘုရားဝတ်ပြု။ ဥပုသ်နေ့တိုင်း မင်းကွန်းနယ်က ဘုန်းတော်ကြီးတွေက အလှည့်ကျကြွလာပြီး တရားရေအေးတိုက်ကျွေးပါတယ်။

“လူအိုများအကျိုးကို ဟန်ဆောင်ကူညီကြသည့် လောဘအတ္တသမားတွေရှိပါလျှင် နိမ်နင်းဖယ်ရှားနိုင်ပါစေ” ဆိုတဲ့ ဘွားဦးဇွန်းရဲ့ဆန္ဒပြုဆုတောင်းစကားက ပြည့်ဝကြောင်းကို ပရဟိတစိတ်အပြည့်နဲ့ ဘိုးဘွားတွေအကျိုးကို ဆောင်ရွက်ပေးနေကြတဲ့ “ဗဟိုအလုပ်အမှုဆောင်အဖွဲ့” က သက်သေတည်နေပါ တယ်။ ကျွန်မတို့ အဘိုးအဘွားတွေအတွက် အေးချမ်းလုံခြုံလှတဲ့ ဒီမင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကို တည်ထောင်ပေးခဲ့တဲ့ ကမ္ဘာ့အာဇာနည် အမျိုးသမီးကြီး ဘွားဦးဇွန်းကိုလည်း ကျေးဇူးအကြိမ်ကြိမ်တင်မိပါတယ်။ ကျန်းမာရေးကောင်းပြီး စိတ်အေးချမ်းနေတဲ့ကျွန်မ ဘာဝနာပွားများတိုင်းမှာ ရိပ်သာရဲ့အရှေ့ဘက်က ဧရာဝတီမြစ်ကြီးကိုကျော်ပြီး မန္တလေးတောင်ရဲ့အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးပေါ်ကနေ ထွက်ပေါ်လာမယ့်နေခြည်နုနုကို ငေးကြည့်နေဦးမှာပါ။ ။

ပန်းတိုင်

❋ တို့ကမ္ဘာ သာယာလှမ်း
အေးချမ်းလို့ ပျော်ပါစေ။
ဘေးရန်တွေ
ကင်းစင်ပ သုခတိုးဝေ။
မင်္ဂလာရှိ နေ့ရက်တွေ
ပိုင်ဆိုင်မသွေ အပြုံးလှ။
ကိုယ်ချင်းစာ ကူညီအကျိုး
သယ်ပိုးဖေးမ။

❋ ကမ္ဘာသည် ရွာအဖြစ်
လည်ပတ်အစစ် ရင်းနှီးစွာ။
ကောင်းကျိုးတွေ ရရှိကြ
သောက ကင်းကွာ။
လူသားတိုင်း ဘဝမှာ
လိုတရာ ရစေကြောင်း။
အငြိုးရန် ဇောနမရှိ
ပီတိကူးပေါင်း။

❋ နည်းပညာ တိုးတက်လျက်
အကောင်းဘက် ရှိလျက်တည်။
ချစ်ခင်စွာ မေတ္တာလှမ်း
အေးချမ်းကြမည်။
အမုန်းဝေး ချစ်ခင်အညီ
ပန်းတိုင်ဆီ အတူတူသွား။
တို့ကမ္ဘာ ထာဝရ
လှပစေသား။ ။

ဖြိုးထက်(ရေစကြို)

ပရဟိတ စိတ်ထားလှ

★ ချစ်စရာကောင်းတဲ့ ပြည်မြန်မာ
စိတ်ထားမွန်မြတ်စွာ
သဒ္ဓါတရား ထက်သန်လှ
ကူညီကာ ဖေးမ... ။

★ သဘာဝဘေး ငလျင်အန္တရာယ်
ဖြစ်ပေါ်လာစဉ်ဝယ်
စာနာလို့ရယ် မေတ္တာပွား
စောင့်ရှောက်ကူညီထား... ။

★ တတ်အားသရွေ့ စုပေါင်းဝင်
လုပ်အားလှူကြစဉ်
ရှင်းလင်းလို့ပင် ကယ်ဆယ်ပေး
အသက်ချမ်းသာရေး ... ။

★ လှူဒါန်းကြသေး အမိမြန်မာ
စားသောက်ဖွယ်စုံရာ
ဝိုင်းဝန်းလို့သာ ဖြည့်ဆည်းကြ
မြတ်သော ပရဟိတ ... ။

★ ပြည်ပနိုင်ငံ ကယ်သူတွေ
အားပေးကြမယ်လေ
နိုင်ရာကူပေ စောင့်ရှောက်ထား
စောင့်သိ ကျေးဇူးတရား... ။

★ ပြည်တွင်းလုပ်အား တို့ညီနောင်
လူမှုကရုဏာဆောင်
ပြည်ထောင်စုကို ကာကွယ်ဖို့
စည်းလုံးကြပါစို့ ... ... ။

နှင်းရည်စိုး (ဘိုကလေး)

ဆောင်းပါး

ယုံကြည်မှုနှင့်ကြိုးစားပါ

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

"အခွင့်အရေးတစ်ခုကို ဆုံးရှုံးလက်လွှတ်လိုက်ရပြီဆိုရင် သင့်မျက်လုံးကို မျက်ရည်တွေ ပြည့်မနေပါစေနဲ့၊ နောက်ထပ်ပိုကောင်းတဲ့ အခွင့်အရေးတစ်ခုကို မျက်ရည်တွေက ကွယ်ပစ်သလို ဖြစ်သွားလိမ့်မယ်" ဟုဆရာကြယ်တစ်ပွင့်က ရေးသားခဲ့သည်။ ဤသည်ကား မိမိတို့လုပ်ဆောင်နေသည့် အလုပ်များပေါ်တွင် မိမိကိုယ်ကို ယုံကြည်စိတ်ထားရှိရန် တိုက်တွန်းထားခြင်းဖြစ်သည်။

ပတ်ဝန်းကျင်ရှိ လူအများစုသည် လုပ်ငန်းတစ်ခုသို့မဟုတ် ရည်မှန်းချက်တစ်ခုကို ဆုံးရှုံးလိုက်ရပြီဆိုလျှင်ဝမ်းနည်းတတ်ကြသည်။ လိုသည်ထက်ပို၍ ခံစားနေတတ်ကြပါသည်။ ထိုအခါတွင် နောက်ထပ်ရရှိမည့် အခွင့်အရေးများစွာ ဆုံးရှုံးသွားတတ်ကြပါသည်။ ထိုသို့ ကျရှုံးမှုအပေါ် ခံစားနေကြခြင်းသည် မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့နေသည်နှင့်တူပါသည်။

"ငါပြောသားပဲ၊ မဖြစ်နိုင်ပါဘူး"ဆိုသည့် ဝေဖန်စကားများကို လူတိုင်းကြုံတွေ့ဖူးကြပါလိမ့်မည်။ ထိုစကားကြားရချိန်တွင် "သူပြောတာ ဟုတ်မှာပါ၊ တော်ပြီ၊ ဖြစ်မှာလဲ မဟုတ်ဘူး"ဟူသော အတွေးများနှင့် ကြိုးစားမှုကို ရပ်တန့်လိုက်ကြသူများစွာ ရှိကြပါသည်။ ထိုသူများသည်လည်း မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့နေကြသူများပင်ဖြစ်သည်။

"ယုံကြည်စိတ်ချရမှု ကင်းမဲ့သော စိတ်ခံစားမှုများအရ ပေါ်ပေါက်လာတဲ့ဆန္ဒတွေဟာ ရောဂါတစ်မျိုးသာဖြစ်တယ်"ဟု ပညာရှင်တစ်ဦးက မိန့်ဆိုခဲ့ဖူးသည်။ လူတိုင်းတွင် စိတ်ဆန္ဒများ၊ ရည်မှန်းချက်များရှိကြသူများဖြစ်ပါသည်။ ထိုချမှတ်ထားသော ရည်မှန်းချက်များကို အောင်မြင်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ထိုသို့ကြိုးစားမှုတွင် ယုံကြည်မှုရှိရမည်။ ယုံကြည်မှုဟုဆိုရာတွင် သူတစ်ပါးကိုလည်း ယုံကြည်မှုပေးရမည်။ မိမိကိုယ်ကိုလည်း ယုံကြည်မှုထားကြရန်လိုအပ်ပါသည်။

"ကိုယ့်ကိုယ်ကိုယ် ယုံကြည်သူဟာ တစ်ဖက်သားကို အသားလွတ် အထင်မသေးတတ်ပါဘူး၊ ဘဝင်မြင့်သူကတော့ တစ်လောကလုံးမှာ ငါ့အပြစ်မရှိလို့ယုံမှတ်ပြီး အခြောက်တိုက် ခေါင်းမော့နေတတ်တယ်၊ လူအများက ကိုယ့်ကို ယုံကြည်လေးစားစေချင်ရင် ကိုယ်တိုင်ကလည်း သူတစ်ပါးကို ယုံကြည်လေးစားတတ်ဖို့ အထူးလိုအပ်တယ်"ဟု ဆရာအတ္တကျော်က ဆိုခဲ့ဖူးပါသည်။ ထို့ကြောင့် မိမိအပေါ် တစ်ပါးသူ၏ ယုံကြည်မှုကိုရယူလိုလျှင် တစ်ပါးသူအပေါ်ကို မိမိကယုံကြည်မှုရှိကြောင်း သက်သေပြရန် လိုအပ်ပါသည်။

ယုံကြည်မှုနှင့် အောင်မြင်မှုသည် အဆက်အသွယ်ရှိကြသည်။ ထောက်ပံ့မှုလည်းရှိကြသည်။ ခွန်အားကိုလည်း ဖြည့်စွမ်းပေးသည်။ အမေရိကန်နိုင်ငံ၏ တစ်ဆယ့်ခြောက်ယောက်မြောက်သမ္မတဖြစ်သည့် အေဘရာဟင်လင်ကွန်းကို လူတိုင်း၊ နိုင်ငံတိုင်းကြားဖူးကြပါသည်။ လင်ကွန်း၏ မိဘနှစ်ပါးသည် ပညာမတတ်ကြပေ။ လင်ကွန်းသည်လည်း တစ်နှစ်ကျော်မျှသာ ပညာသင်ကြားခဲ့ရသူဖြစ်သည်။သို့သော် လင်ကွန်းသည် စာဖတ်သူဖြစ်သောကြောင့် အသိပညာဗဟုသုတပြည့်စုံခဲ့သည်။ ထို့ကြောင့် အခက်အခဲများကြားတွင် ယုံကြည်မှုများစွာနှင့် အားထုတ်ကြိုးစားခဲ့ရသူဖြစ်သည်။ လင်ကွန်း၏ ယုံကြည်မှုသည် အောင်မြင်မှုကို သယ်ယူနိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်မှုကြောင့်ပင် အမေရိကန်နိုင်ငံ၏ တစ်ဆယ့်ခြောက်ယောက်မြောက် သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။

လူတစ်ယောက်သည် မိမိယုံကြည်မှုရှိနေသည့်အတွက် အောင်မြင်မှုအတွက် ကြိုးစားရာတွင် ကြုံလာနိုင်သည့်အခက်အခဲများကို လွယ်ကူစွာ ဖြေရှင်းလာနိုင်သည်။ ယုံကြည်မှုရှိသူသည် စိတ်ဓာတ်သန်မာသည်။ ဆုံးဖြတ်ချက်လည်း ပြတ်သားကြသည်။ ယုံကြည်မှုရှိသူသည် သံသယစိတ်ကို လိုအပ်သည်ထက် ပိုမထားသင့်ပေ။ သံသယစိတ်ကိုဖြောက်၍ အမှန်တရားကိုရှာဖွေနိုင်ရပေမည်။ထိုမှတစ်ဆင့် အောင်မြင်မှုဆီသို့ စတင်လျှောက်လှမ်းကြရပါမည်။ ယုံကြည်ချက်တွင် မိမိကိုယ်ကိုလည်း ယုံကြည်ရမည်။ တစ်ပါးသူ၏ ယုံကြည်မှုကိုလည်း ရယူနိုင်ကြရပါမည်။"လောကကြီးမှာ ရှုံးလို့ထွက်ပြေးရင် တစ်သက်လုံးထွက်ပြေးပေတော့၊ အောင်မြင်မှုဘယ်တော့မှ မရဘူး၊ ထွက်ပြေးတဲ့ကောင် ဘယ်တော့မှ နိုင်ရိုးထုံးစံမရှိဘူး၊ ရင်ဆိုင်နိုင်တဲ့ ကောင်ပဲနိုင်တာ"ဟု ဆရာကြီးဦးအောင်သင်းက ဆိုခဲ့ဖူးပါသည်။ဤသည်ကား ယုံကြည်မှုအတွက် ခွန်အားဖြစ်စေသည့် စကားပင်ဖြစ်သည်။

ယုံကြည်မှုရှိသူများသည် မိမိတို့လုပ်နေသည့် အလုပ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်တတ်ကြပါသည်။ ယုံကြည်မှုမရှိသောသူသည် အသက်ရှင်လျက်သေနေသူပင်ဖြစ်သည်။ ယုံကြည်မှု ကင်းမဲ့နေလျှင် မည်သည့်ကိစ္စရပ်များကို မဆို"ငါ့စကား နွားရ" ပြောတတ်ကြသည်။ ထိုသို့ ပြောတတ်ကြသဖြင့် အောင်မြင်မှုသည်လည်း မသိမသာဖြင့် ဝေးကွာသွားတတ်ကြပြန်သည်။

ယုံကြည်မှုရှိကြသူများသည် အကြောင်းပြချက်မပေးကြပေ။ ပုံပြင်တစ်ပုဒ် ဖတ်ဖူးသည်ကို မျှဝေချင်ပါသည်။ တစ်ခါတုန်းက ဆင်ထိန်းတစ်ယောက်က ဆင်ပေါက်တစ်ကောင်ကို ခြေထောက်မှာကြိုးချည်ပြီး ငုပ်တိုင်လေးတစ်ခုမှာ ချည်နှောင်ထားသည်။ ဆင်ပေါက်လေးသည် ပထမတွင် ချည်နှောင်ထားသည်ကိုလွတ်အောင် ရုန်းထွက်သည်။ ထိုသို့ ရုန်းထွက်သည့်အခါ ချည်ထားသောကြိုးကြောင့် နာကျင်လာသည်။ ထို့ကြောင့် လွတ်မြောက်အောင် မကြိုးစားတော့ဘဲနေလာသည်မှာ ဆင်ပေါက်ဘဝမှ ဆင်ပြောင်ကြီးဘဝအထိပင် ရောက်လာခဲ့သည်။ ထိုဆင်ကို "အဘယ်ကြောင့် လွတ်မြောက်အောင် ဆက်မကြိုးစားတာလဲ"ဟု မေးလိုက်သောအခါ "နာကျင်မှုကြောင့် မရုန်းတာပါ"ဟု အကြောင်းပြချက်ပေးမှာ အသေအချာပင်ဖြစ်ပါသည်။ ယုံကြည်မှုရှိသူသည် အကြောင်းပြချက်ကို မရှာဖွေဘဲ ယုံကြည်မှုမဲ့သူသည် အကြောင်းပြချက်ကို ရှာဖွေပြောဆိုတတ်ကြကြောင်း အသိပညာကို ပေးထားပါသည်။

ယုံကြည်မှုကို တည်ဆောက်ထားခြင်းဖြင့် စိန်ခေါ်မှုများကို လက်ခံလာနိုင်ကြပါသည်။ ယုံကြည်ချက်ကင်းမဲ့သူသည် ရှင်လျက်နှင့်သေရသူဖြစ်ပါသည်။"ငါကတော့ မရတော့ဘူး၊ ငါမလုပ်နိုင်လောက်ဘူး၊ ငါကခွန်အားမဲ့တယ်"စသည်ဖြင့် ပျင်းရိစိတ်ကို အခြေခံသော စိတ်ဓာတ်မျိုးသည် ယုံကြည်မှုကင်းမဲ့သူများတွင်သာ ရှိတတ်ကြပါသည်။

ယုံကြည်မှုနှင့် အောင်မြင်မှုသည် အစဉ်ဆက်စပ်နေသည်။ ယုံကြည်မှုမရှိသူသည် အောင်မြင်မှုနှင့် ဝေးကွာနေတတ်သည်။ ယုံကြည်မှုရှိသူထံသို့ အောင်မြင်မှုက တိုးဝင်လာတတ်ကြသည်။ အောင်မြင်မှုရရန် ယုံကြည်ခြင်းကို ရှေ့တန်းတင်ထားကြရမည်။ ထို့ကြောင့် အားနှင့်မာန်နှင့်၊ တောင်ဟုန်ဖွင့်၍ မိုးမြင့်တိမ်ယံ၊ ပျံသာပျံပါ၊ ကမ္ဘာမကျယ်ပါဘူး"ဟူသော ဆရာမကြီးစမ်းစမ်းနွဲ့(သာယာဝတီ)၏ ကဗျာလေးအတိုင်း အောင်မြင်သောပန်းတိုင်ဆီသို့ ရောက်ရန် ယုံကြည်မှုကိုခွန်အားအဖြစ် အသုံးပြု၍ ယုံကြည်မှုနှင့် ကြိုးစားဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကျွန်မတို့ရွာ

❖ ချစ်စရာ တို့တောရွာ။
ဆူးပုပ်ပင် ဘူး,ပဲ, ပြောင်း
ကောင်းမွန်ဖြစ်ကာ။
ထန်းတောကြီးက ညိုပြာပြာ
ရေကန်မှာ ကြာတွေပွင့်။
ရွာကျောင်းက အုန်းမောင်းသံ
စည်းချက်မှန် နှိုးဆော်ပေးတယ်
အေးချမ်းလို့တင့်။

❖ ကြည်နူးစရာ သဘာဝ
တောအလှ ပြည့်စုံသည်။
စားစရာ စည်ပင်ထွက်
ဖွံ့ထွားလျက်တည်။
စေတနာအား သန့်ရှင်းကြည်
တောတောင်မှီ အသက်မွေး။
ရိုးသားအမှန် ကြိုးစားကြ လို့
စံပြပါ အလှတရားဖြင့်
စိတ်ထားကမ္ဘေး။

❖ လုပ်ကိုင်ကာ သာယာပေ့
တောခလေ့ ပျော်ရွှင်ဖွယ်။
ထော်လာဂျီ ဖုန်လုံးလုံးနဲ့
ပြိုးပျော်ရွှင် ယာကိုဆင်း ပါလို့
ပွင့်လင်းစွာ လုပ်ငန်းသွားတဲ့
စည်းလုံးအားကြွယ်။
ဝင်ငွေမပြတ် တည်ငြိမ်တယ်
ဂုဏ်ဓနပယ် အလှူအတန်း။
ယဉ်ကျေးမှုကို
အစဉ်ရှေးရှု လက်ကိုင်ကာ
အမြဲသာယာ စည်ပင်ဖြိုးတယ်
တိုးတက်ဂုဏ်လွှမ်း။ ။

ရွှေမြိုင်သူ(မြန်မာစာ)

ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး လှော်ကားရေလှောင်ကန်နှင့် မြို့သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ လှော်ကားရေလှောင်ကန်၊ ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒလဘမ်းကျေးရွာနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ သွားရောက်၍ စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပြည်လမ်းရှိ လှော်ကားရေလှောင်ကန်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်အရှေ့ရှိ ဖူဆယ်ဘောလုံးကွင်း၊ ရေလှောင်ကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ကန်ရေပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လှော်ကား ရေဝေရေလဲဒေသအတွင်း သစ်တောများ တောမီးလောင်ခြင်းမဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ရေးနှင့် ရေလှောင်ကန်မှ ရေပေးဝေလျက်ရှိသည့် ရေတွန်းစက်ရုံနှင့် မြို့နယ်များကို အချိန်နှင့် တစ်ပြေးညီ ပေးဝေနိုင်စေရန် မှာကြားသည်။

လှော်ကားရေလှောင်ကန်သည် ရေဂါလန် သန်း ၁၂၀၀၀ သိုလှောင်နိုင်ပြီး တစ်နေ့လျှင် ရေဂါလန် ၉၂ သန်းကို မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ ဗိုလ်တထောင်၊ လှိုင်နှင့် ပုဇွန်တောင် မြို့နယ်များသို့ ပေးဝေလျက်ရှိကြောင်း သိရသည်။

ထို့နောက်မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဒလဘမ်းကျေးရွာသို့ သွားရောက်၍ အဝင်/အထွက်လမ်းဘေး၀ဲ/ယာသန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်သောက်သုံးရေမိုးရေစုကန် ရေရှည်တည်တံ့အောင် ထိန်းသိမ်း ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမအတွင်း သက်ဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး လမ်းမကြီးများဘေး၀ဲ/ယာ ကျူးကျော်မှုများမဖြစ်ပေါ်စေရေးနှင့် မြို့နယ် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ မန်းအောင်ဆွေလင်းကလပ်အသင်း အနိုင်ရ



မန္တလေး ဧပြီ ၂၆

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနှင့် မန္တလေးတိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီတို့ပူးပေါင်းကျင်းပသော မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌဖလား အသက် ၃၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်အားကစားနှင့် ကာယပညာသိပ္ပံကျောင်းရှိဘော်လီဘောလေ့ကျင့်ရေးကစားကွင်း၌ ကျင်းပရာ မန်းအောင်ဆွေလင်းကလပ်အသင်းနှင့် ပန်းခြံလူငယ်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ ဗိုလ်လုပွဲသို့ အား/ကာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေ(လက်ရွေးစင်ဟောင်း)၊တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနှင့်နည်းပြများ၊ ဖိတ်ကြားထားသူများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်အားပေးသည်။

ဦးစွာ တတိယလုပွဲကို ကျင်းပရာ ကျွဲရေကုန်းအသင်းက အောင်မြေသာစံအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် မန်းအောင်ဆွေလင်းအသင်းက ပန်းခြံလူငယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရသည်။

ပြိုင်ပွဲအပြီးဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကြီးကြပ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပြီးနောက် စတုတ္ထဆုရ အောင်မြေသာစံအသင်းအား ငွေကျပ်ငါးသိန်း၊ တတိယဆုရ ကျွဲရေကုန်းအသင်းအား ငွေကျပ် ၁၅ သိန်းနှင့်ဆုများ၊ ဒုတိယဆုရ ပန်းခြံလူငယ်အသင်းအား ငွေကျပ်သိန်း၂၀ တို့ကို အတွင်းရေးမှူး ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ပထမဆုရ မန်းအောင်ဆွေလင်းအသင်းအား ပထမ ဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၃၀ နှင့် ပထမတံခွန်စိုက်ဆုဖလား တို့ကို ပေးအပ်ချီးမြှင့်၍ ဆုရအသင်းများအား ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သိရသည်။

တင်မောင်-မန်း

ပွင့်ဖြူမြို့နယ်၌ စားဖိုဆောင်သီးနှံများ ရာနှုန်းပြည့် သိမ်းဆည်းပြီးစီး

ပွင့်ဖြူ ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံရာသီက စိုက်ပျိုးခဲ့သည့် စားဖိုဆောင်သီးနှံစိုက်ခင်းများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းသဖြင့် အထွက်နှုန်းများကောင်းမွန်၍ စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၉၉၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက (စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက) စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စားဖို ဆောင်သီးနှံများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင် သိမ်းဆည်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ငရုတ် တစ်ဧက ၇၅၂ ပိဿာ၊ ကြက်သွန်နီ တစ်ဧက ပိဿာ၅၅၁၁၀၊ ကြက်သွန်ဖြူ တစ်ဧက ၂၉၀၅ ပိဿာ ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စားနပ်ရိက္ခာ ဖူလုံပို့လျှံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဆောင်းသီးနှံစုံ ၂၅၂၅ ဧက လျားထားစိုက်ပျိုးခဲ့ရာ ၂၁၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းများ ကောင်းမွန်စေရေးနှင့် စိုက်ပျိုးသည့်သီးနှံများ အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနှင့် ကိုက်ညီအောင် စနစ်တကျ စိုက်ပျိုးသွားနိုင်ရေး လိုအပ်သော စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)





လူငယ်မောင်မယ်များအတွက် ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများ

လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် သားကောင်းရတနာများပင်ဖြစ်သည်။ လူငယ်များသည် ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများလည်းဖြစ်သည်။ ထို့ပြင်လူငယ်များသည် မိမိလိုလားတောင့်တသည့် ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်များ၊ မျှော်လင့်ချက်များနှင့် တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားရှိသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

ကျောင်းသား ကျောင်းသူမျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာနှင့် လေကြောင်းပညာကျွမ်းကျင်သောအနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းဖွင့်ပွဲများကို ၂၀၂၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်အသီးသီး၌ တစ်ချိန်တည်း စတင်ဖွင့်လှစ်ခဲ့သည်။



နေပြည်တော်ကောင်စီနယ်မြေ၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းသား သင်တန်းသူများက သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြစဉ်။

ရေကြောင်း လူငယ်သင်တန်း

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သည် ပင်လယ်ရေကြောင်းပညာများကို စိတ်ပါဝင်စားပြီး နိုင်ငံတော်အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်၍ ကျန်းမာကြံ့ခိုင်သည့် ထူးချွန်ထက်မြက်သော လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍသည် အရေးပါကြောင်း လူငယ်များသိရှိနားလည်စေရန်၊ လှေလှော်အားကစားနည်း၊ ရွက်တိုက်အားကစားနည်းများအတွက် ထူးချွန်သည့် အားကစားသမားများ မွေးထုတ်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူလူငယ်မောင်မယ်များအတွက်ရေကြောင်း လူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် ရေကြောင်းလူငယ်တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၎င်းသင်တန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ကိုကိုးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဟိုင်းကြီးကျွန်းမြို့၊ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဟိန်းဇဒေသ၊ မြိတ်မြို့နှင့် ကျွန်းစုမြို့၊ ကရင်ပြည်နယ်တွင် ဘားအံမြို့နှင့် ရှမ်းပြည်နယ်တွင် ကျိုင်းတုံမြို့တို့ရှိ ရေကြောင်းလူငယ်စခန်းများ၌ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၈၀၀ တို့ဖြင့် အသီးသီးဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ရေကြောင်းလူငယ်သင်တန်းများကို ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှစ၍ လူငယ်(ရေကြောင်း)သင်တန်းအမည်ဖြင့် စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။ ထို့နောက်ရှေ့ဆောင်လူငယ်(ရေကြောင်း) သင်တန်း၊ တပ်မတော်(ရေ) ရဲညွှန့်လောင်း(ရေကြောင်းမျိုးဆက်သစ်)သင်တန်းဟု အဆင့်ဆင့် အမည်ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်အထိ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၇၅၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ရေကြောင်းလူငယ် အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာများ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။

ရေကြောင်းလူငယ်သင်တန်းတွင် သင်ကြားလေ့ကျင့်ပေးသော ဘာသာရပ်များသည် မျိုးဆက်သစ်လူငယ်များအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကာကွယ်ရေးကို အထောက်အကူပြုစေသော ရေကြောင်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေသည်။ အထူးသဖြင့် လူငယ်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ စည်းကမ်းကောင်းမွန်စေခြင်း၊ ကျန်းမာကြံ့ခိုင်စေခြင်း၊ စစ်ရေယာဉ်များ၏ တာဝန်ထမ်းဆောင်ပုံနှင့် ရေတပ်ဆိုင်ရာ အခေါ်အဝေါ်များကို နားလည်သဘောပေါက်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

လေကြောင်းလူငယ်သင်တန်း

အလားတူကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) အနေဖြင့်လည်း လေကြောင်းပညာသမိုင်းကို လေ့လာခြင်းဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ဝင်စားမှုတိုးပွားလာစေရန်၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သောပညာရပ်များကို တတ်သိနားလည်ခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်လာစေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် ကိုယ်လက်ကြံ့ခိုင်မှုကောင်းမွန်မြင့်မားပြီး စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လူငယ်များ၏ ဝါသနာပါရာလေ့ကျင့်မှုအနေဖြင့် မြှင့်တင်ပေးရန်၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားမှန်ကန်စေပြီး အနာဂတ်တပ်မတော်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၎င်းသင်တန်းများကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းနှင့် မိတ္ထီလာသင်တန်းစခန်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့တွင် မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ မင်္ဂလာဒုံတွင် ရန်ကုန်သင်တန်းစခန်း၊ ကိုကိုးကျွန်းမြို့တွင် ကိုကိုးကျွန်းသင်တန်းစခန်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မော်လမြိုင်သင်တန်းစခန်း၊ ရှမ်းပြည်နယ် နမ့်စန်မြို့တွင် နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးမြို့တွင် တောင်ကြီးသင်တန်းစခန်း၊ ကျိုင်းတုံမြို့တွင် ကျိုင်းတုံသင်တန်းစခန်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် တောင်ငူသင်တန်းစခန်း၊ ပြည်မြို့တွင် ပြည်သင်တန်းစခန်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြိတ်သင်တန်းစခန်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မကွေးသင်တန်းစခန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်သင်တန်းစခန်းတို့၌ အသီးသီးဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်မဲ့)ဘာသာရပ်များကိုသင်ကြားပို့ချသွားမည်ဖြစ်သည်။ တန်းမြင့်လေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ၊ Airfield Procedure ဘာသာရပ်၊ RC လေ ယာဉ် / ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ Flight Simulator မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်ပါ)၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းကြောင်း စသည့်ဘာသာရပ်များကိုပို့ချသွားမည်ဖြစ်ပြီး တပ်မတော်(လေ)တွင် ရှိသော ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများတွင် လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တို့ကို မေလ ၂၃ ရက်နေ့ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

လေကြောင်းလူငယ်သင်တန်းများကို ၁၉၅၄ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး လေကြောင်းကင်းထောက်သင်တန်း၊ လူငယ်(လေကြောင်း)သင်တန်း၊ လေကြောင်းမျိုးဆက်သစ်သင်တန်း၊ လေကြောင်းလူငယ်သင်တန်းဟု အဆင့်ဆင့်အမည်ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လေကြောင်းလူငယ်သင်တန်းတွင် လူငယ်များသည် လေကြောင်းဆိုင်ရာပညာရပ်များကို ကိုယ်တိုင်ထိတွေ့ဆည်းပူးခွင့်ရရှိခြင်း၊ လေယာဉ်တစ်စင်းကို မည်သို့မည်ပုံ ဖွဲ့စည်းတည်ဆောက်ထားသည်၊ မည်သည့် အစိတ်အပိုင်းများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည်ဆိုသည့် လေကြောင်းဆိုင်ရာ အသိပညာဗဟုသုတများစွာကို လေ့လာဆည်းပူးခွင့်ရရှိစေမည်ဖြစ်သည်။

လူငယ်မောင်မယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများ

လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသည်။**စာမျက်နှာ ၂၄ သို့** ■

- **ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများတွင် တပ်မတော်(ရေ)သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြဆက်သွယ်ရေးဆိုင်ရာများ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပေးသွားမည်**
- **အခြေခံလေကြောင်းလူငယ်သင်တန်းတွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ အခြေခံစစ်ရေးပြ(လက်နက်မဲ့) ဘာသာရပ်များကိုသင်ကြားပို့ချသွားမည်**



အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများနှင့် အိမ်ဆောက်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံညှိနှိုင်း

မကွေး ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် သဘာဝဘေးအန္တရာယ်ကြောင့် အခြေခံစားသောက်ကုန်များ၊ ဆေးဝါးများနှင့် အိမ်ဆောက်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်မှုရှိစေရေး လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံညှိနှိုင်းစည်းဝေးပွဲကို ယနေ့မွန်းလွဲပိုင်းက မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အိုးအိမ်တိုက်တာအဆောက်အအုံများ၊ လမ်းတံတားများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြည်သူများ ထိခိုက်နစ်နာမှုများ ရှိခဲ့သည်။ အဆိုပါ သဘာဝဘေးဖြစ်စဉ်ကြောင့် ကုန်ဈေးနှုန်းများ တည်ငြိမ်မှုမရှိဘဲ ဈေးကစားရောင်းချနေခြင်းများ ကြားသိနေရသဖြင့် မကွေးမြို့တွင် အလားတူဖြစ်စဉ်မျိုး မပေါ်ပေါက်စေရေး လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံရခြင်းဖြစ်ကြောင်းနှင့် ဈေးနှုန်းများ အဆမတန်တိုးမြှင့်ရောင်းချခြင်း မပြုလုပ်ကြရန် ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း အင်အား ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မင်းဘူးမြို့၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေး အသိပေး၊ သတိပေးသည့် အစည်းအဝေးကျင်းပ

မင်းဘူး ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအား အသိပေး၊ သတိပေးသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မင်းဘူးခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီများနှင့် အိမ်ဆောက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုများကို မြေပြင်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအပေါ် မူတည်၍ သင့်တင့်သော ဈေးနှုန်းများဖြင့် သာ မှန်မှန်ကန်ကန် ရောင်းချကြရန် ပြောကြားသည်။

ဆက်လက်၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီဝင်များဖြစ်ကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် သတင်းတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းမင်းဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဟိန်းသန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဝင်းနိုင်၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွန်းတို့က ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ၊ စက်သုံးဆီနှင့် အိမ်ဆောက်ပစ္စည်းများ၏ ဈေးနှုန်းများ တည်ငြိမ်ရေးနှင့် မှန်မှန်ကန်ကန် ရောင်းချကြရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့် ကိစ္စရပ်များနှင့် ဈေးကစားမှုများ တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ဇေယျာနိုင်(ရွှေကန်မြေ)

ငဖေမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ငဖေ ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်အတွင်း အများပြည်သူစားဝတ်နေရေး အဆင်ပြေစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများအား ခေါ်ယူတွေ့ဆုံ၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေး အသိပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဆောင်ရွက်သည်။



ဦးစွာ ငဖေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက မြို့နယ်အတွင်း အများပြည်သူစားဝတ်နေရေး အဆင်ပြေစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် ဆောက်လုပ်ရေးပစ္စည်း ဆိုင်များ၊ အခြားစီးပွားရေး လုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံ၍ အသိပေးဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဈေးကွက်အတွင်း ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများ အဆမတန် ဈေးနှုန်းမြှင့်တင်ရောင်းချမှု မပြုလုပ်ရန်၊ စားသောက်ကုန်နှင့် အခြား ကုန်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းထက် ပိုမို ရောင်းချမှု မပြုလုပ်ကြရန်နှင့် ရောင်းချပါက တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြဆွေးနွေးချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဝင်းနိုင်၊ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွန်းတို့က ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ၊ စက်သုံးဆီနှင့် အိမ်ဆောက်ပစ္စည်းများ၏ ဈေးနှုန်းများ တည်ငြိမ်ရေးနှင့် မှန်မှန်ကန်ကန် ရောင်းချကြရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့် ကိစ္စရပ်များနှင့် ဈေးကစားမှုများ တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

မယု(ငဖေ)

ဆိပ်ဖြူမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ကုန်စည်များ ဈေးမြှင့်တင်ရောင်းချခြင်းမရှိစေရေး အသိပေးလုပ်ငန်းများဆောင်ရွက်

ဆိပ်ဖြူ ဧပြီ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အများပြည်သူစားဝတ်နေရေး အဆင်ပြေစေရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကုန်စည်များ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေး အသိပေးရှင်းလင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

တက်ရောက်

အဆိုပါ အသိပေးရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စားသောက်ကုန်၊ အိမ်ဆောက်ပစ္စည်းနှင့် အခြားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသိပေး ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အများပြည်သူ စားဝတ်နေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးနေမှု အခြေအနေများ ရှင်းလင်းပြောကြားပြီး လက်ရှိဖြစ်ပေါ်နေသည့် ဘေးအန္တရာယ်များအပေါ် မူတည်၍ စားသောက်ကုန်များနှင့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းများမြှင့်တင်ရောင်းချမှုများ မရှိစေရေးတို့ကို ရှင်းလင်းပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

■

■ **စာမျက်နှာ ၂၃ မှ**

လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့်လူငယ်များကို ကာယ၊ ဉာဏ်၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂဟူသည့် ဗလငါးတန် ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည် ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူစွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်နေခြင်းပင် ဖြစ်သည်။

ထို့ပြင် လူငယ်များသည် အမှန်တရားကိုမြတ်နိုးခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ ဖျတ်လတ်တက်ကြွခြင်း၊ အရာရာကို တီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်း စသည့် ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားရှိသည်။ ထိုသို့အမှန်တရားကို မြတ်နိုးသောလူငယ်များ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်ကိန်းအောင်းလာစေရန်၊ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်အတွက် စနစ်တကျပြုစုပျိုးထောင်ပေးသွားရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကြယ်ပွင့်များ၏ ဖြူစင်သောနှလုံးသားတွင် မိမိကိုယ်ကို တန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် ကာကွယ်စောင့်ရှောက်သွားလိုသောစိတ်ဓာတ် ကိန်းအောင်းလာစေရန် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ကာလတွင် ရေကြောင်းနှင့် လေကြောင်း လူငယ်သင်တန်းများအပါအဝင် လူငယ်ကဏ္ဍမြှင့်တင်ရေးဆိုင်ရာသင်တန်းများကို အထူးအလေးထား ဖွင့်လှစ်သင်ကြားပေးနေခြင်း ပင်ဖြစ်ပေသည်။ ။

ရည်ညွှန်းကိုးကား။ ။ နေ့စဉ်ထုတ်သတင်းစာများ။

မြောင်းမြခရိုင် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ ဝါးခယ်မမြို့နယ်ရှိ ပြည်သူများအား ကွင်းဆင်းဆေးကုသပေး

ဝါးခယ်မ ၈ဖြို ၂၆

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံမှ အထူးကု ဆရာဝန်ကြီးများသည် ယနေ့ နံနက် ၉ နာရီက ဝါးခယ်မမြို့နယ် ကျုံတိုင်ကျေးရွာသို့ ကွင်းဆင်းကာ ကျေးရွာရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီး ဦးဆောင်ကာ မျက်စိအထူးကု၊ သွားဘက်ဆိုင်ရာအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ အရိုးအထူးကု၊ ခွဲစိတ်အထူးကု၊ ဓာတ်မှန်၊ အထွေထွေရောဂါနှင့် ကလေးအထူးကု၊ သွားဖွားမီးယပ်၊ အရေပြားအထူးကု ဆရာဝန်ကြီးများက ကျုံတိုင်ကျေးရွာ၊ စလူချောင်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ကံသာကုန်းကျေးရွာ၊ ရှမ်းကုန်းကျေးရွာ၊ လက်ခုပ်ကျေးရွာနှင့် စဉ့်ကူးကျေးရွာတို့မှ ပြည်သူ ၆၀၀ ကျော်အား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းများကို မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဝါးခယ်မမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနနှင့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)

ညောင်ဦးမြို့နယ် ညောင်လှကျေးရွာ၌ ၄၀၀ ပို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ညောင်ဦး ၈ဖြို ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တောင်ဇင်းကျေးရွာအုပ်စု ညောင်လှကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ပြည့်ဖြိုးနှင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ညောင်လှကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။



ညောင်လှကျေးရွာ၌ ၄၀၀ ပို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၅၀ ကို အသုံးပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



မြောင်းမြမြို့နယ် လူမှုဖူလုံရေးရုံးမှ အိမ်မဲမြို့နယ်အတွင်း နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်

အိမ်မဲ ၈ဖြို ၂၆

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက်ပိုင်းရပ်ကွက် (၁၂)လမ်းရှိ ဗီရှင်းဖန် ငွေချေးငွာနခွဲ မြောင်းမြမြို့နယ် လူမှုဖူလုံရေးရုံးမှ Mobile Medical Unit(MMU)ဖြင့် ၈ဖြို ၂၅ ရက် နံနက်ပိုင်းမှစတင်ကာ စမ်းသပ်စစ်ဆေးကုသပေးသည်။

ဆောင်ရွက်ပေး

အဆိုပါ ဆေးကုသပေးရာ၌ ဆရာဝန် နှစ်ဦး၊ သူနာပြု ၁၀ ဦး၊ မြောင်းမြမြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြောင်းမြမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အိမ်မဲမြို့နယ်မှ အလုပ်သမားများအား စာရင်းသွင်းခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်း၊ သွေးစစ်ခြင်း၊ ECG စနစ်ဖြင့် စစ်ဆေးခြင်း၊ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးခြင်း၊ သောက်ဆေးများပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့စစ်ဆေးပေးခြင်းကို နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်သမားများအား စမ်းသပ်စစ်ဆေးကုသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)





အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူအဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူအဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

FIFA–MFF ယူ–၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပြန်လည်ကျင်းပ



YCDC MHDT အသင်းနှင့် Winner Soccer အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဧပြီ ၂၆

FIFA–MFF ယူ–၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)ကို ဧပြီ ၂၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ပြန်လည်ကျင်းပသည်။ ယင်းပြိုင်ပွဲကို ငလျင်သဘာဝဘေးအန္တရာယ်ကြောင့် ရက် ၂၀ ကျော် ရပ်နားထားပြီး ယခုမှ ပြန်လည်ကျင်းပခြင်း ဖြစ်သည်။

ပွဲစဉ်(၃)တွင် YCDC MHDT အသင်းက Winner Soccer အသင်းကို ခြောက်ဂိုး–ငါးဂိုး၊ YRG အသင်းက Generations အသင်းကို လေးဂိုး–သုံးဂိုး၊ VUC ULAD အသင်းက JV အသင်းကို သုံးဂိုး–နှစ်ဂိုး၊ FFU မင်းမဟော်အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး–တစ်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက Pacific Sun Far အသင်းကို ကိုးဂိုး–သုံးဂိုး၊ Royal Noka အသင်းက MIU အသင်းကို ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၃)အပြီးတွင် ဖူဆယ်ချစ်သူအသင်းက သုံးပွဲစလုံးအနိုင်ရကာ ရမှတ်ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး YCDC MHDT အသင်းနှင့် YRG အသင်းတို့က ခုနစ်မှတ်စီ၊ Winner Soccer အသင်းက ခြောက်မှတ်၊ FFU မင်းမဟော်အသင်း၊ VUC ULAD အသင်း၊ Royal Noka အသင်းနှင့် Pacific Sun Far အသင်းတို့က လေးမှတ်စီ၊ MIU အသင်းနှင့် Generations အသင်းတို့က သုံးမှတ်စီ ရရှိထားပြီး JV အသင်းက အမှတ်မရသေးပေ။ ရွှေပြည်သာယူနိုက်တက်အသင်းသည် ခြေစစ်ပွဲတွင် အသက်ကျော်ကစားသမား ထည့်သွင်းအသုံးပြုသဖြင့် ခြောက်မှတ်လျော့ပြစ်ဒဏ်ချမှတ်ခံထားရပြီး သုံးပွဲစလုံး အနိုင်မရသေးသဖြင့်(–၆)မှတ် ဖြစ်နေသည်။

သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF

FIFA–MFF ယူ–၁၅ လူငယ်လိဂ်(ရန်ကုန်ဇုန်) ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၂၆

FIFA–MFF ယူ–၁၅ လူငယ်လိဂ်ပြိုင်ပွဲ (ရန်ကုန်ဇုန်) ပွဲစဉ်(၄) ဒုတိယနေ့ကို ဧပြီ ၂၆ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့တွင် Burmese Youth အသင်းက Yangon Focus အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်တောင်ဇလပ်အသင်းနှင့် The Honour အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ပွဲစဉ်(၄)အပြီးတွင် ရွိုင်ရယ်ရန်ကုန်အသင်းက ၁၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Mar Rein အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ကိုးမှတ်စီ၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် Burmese Youth အသင်းတို့က ခုနစ်မှတ်စီ၊ Southern Yangon အသင်းနှင့် အာသာဝတီအသင်းတို့က ခြောက်မှတ်စီ၊ The Honour အသင်းက လေးမှတ်၊ Golden Light United အသင်း၊ Yangon Focus အသင်းနှင့် မြသီတာအသင်းတို့က သုံးမှတ်စီ၊ ရန်ကုန်တောင်ဇလပ်အသင်းက တစ်မှတ် ရရှိထားသည်။

FIFA–MFF ယူ–၁၅ လူငယ်လိဂ်ပြိုင်ပွဲ၏ တောင်ကြီးဇုန်နှင့် မန္တလေးဇုန်ပွဲစဉ်များကို မေလအတွင်း ပြန်လည်ကျင်းပမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

MNL ယူ-၂၁ လူငယ်လိဂ်တွင် ဒဂုံစတားနှင့် အား/ကာသိပ္ပံအသင်း အနိုင်ရ

ရန်ကုန် ဧပြီ ၂၆

MNL ယူ–၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) တတိယနေ့ကို ဧပြီ ၂၆ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ အနိုင်ရရှိသည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ပွဲအစတစ်မိနစ်တွင် ဆုမင်းအောင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရာမညယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၅၉ မိနစ်တွင် နေတိုးဇော်က သွင်းယူခဲ့သည်။

ပွဲစဉ်(၁) စတုတ္ထနေ့ကို ဧပြီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ Junior Lions အသင်းနှင့် Falcon အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**



ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၇)၊ မြေကွက်အမှတ်(၁၀၄၈)၊ မြပုလဲသွယ်လမ်း၊ အကျယ်အဝန်း(၄၀ပေx ၆၀ပေ)ရှိ **ဒေါ်ခင်ယုမော်** (LMDW–၀၀၅၅၃၃၇)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ခြေရင်းဘက်ခြမ်း ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်သင်းနုလှိုင်** [၁၂/ဗတထ (နိုင်) ၀၃၆၀၉၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်အေးအေးငြိမ်း** [၁၄/ကလန(နိုင်)၁၃၉၆၀၅]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွန်မွန်ချို(LL.B) **ဒေါ်စန္ဒာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆) **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေဖြိုင်လမ်း၊ (၁၈/စ်)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ကျေးရွာအုပ်စု–ဘန့်ဘွေးကုန်း၊ ကွင်း/အကွက်အမှတ်– ၅၈၉[က]/မရမ်းတလင်း၊ မြေမျိုးနှင့်အတန်း–လ/န–၃(ခ)၊ ဦးပိုင်အမှတ်–၃၉/၁၊ ဧရိယာ (၀.၁၃)ဧကနှင့် ဦးပိုင်အမှတ်–၃၉/၂၊ ဧရိယာ (၀.၁၃)ဧကရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မှော်ဘီမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းအင်းဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဦးရဲသွေးလင်း [၁၂/ပဇတ(နိုင်)၀၂၆၅၃၇] အမည်ဖြင့် ချထားပေးခြင်းခံရပြီး၊ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးမျိုးမင်းဟိန်း **ဦးကောင်းမြတ်ဇော်**
အထက်တန်းရှေ့နေ (စဉ် – ၅၆၁၃၃၉) **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
အမှတ် (၄၆)၊ ပထမထပ် (ဝ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၅၇)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၀၈၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၁၀၈၇)၊ အကျယ်အဝန်း(၄၀′×၆၀′) အကျယ်ရှိ ဦးကျော်အေး အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလွမ်းမိုးဝင်း (၉/မခန(နိုင်)၁၇၃၉၁၁၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ) ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်စန်း လွှဲအပ်ညွှန်ကြားချက်အရ– **ဒေါ်နုင်းနုလွင်**
(LL.B, D.B.L, D.I.L) (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၆၁) အထက်တန်းရှေ့နေ (စဉ်–၅၃၁၁၄)
အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ ဗောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၀၁၆၀၂၈၀၀၊ ၀၉–၈၈၃၀၂၈၀၉၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆရာစံလမ်းနှင့် ဈေးလမ်းထောင့်၊ အမှတ် (၃၆)နေ့ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းယုလွင် [၁၂/ဥကမ(နိုင်)၁၈၃၉၇၂] + ဒေါ်ဖြူဖြူမြင့် [၁၂/ကမရ(နိုင်)၀၅၁၃၃၀၉]တို့၏ သားဖြစ်သူ မောင်သုတအောင် [၁၂/ကမရ(နိုင်)၀၆၉၉၀၃]သည် မိဘတို့၏ ဆုံးမပြောဆိုစကားကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကို အကြိမ်ကြိမ်မပြုနေသောကြောင့် ယနေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်သုတအောင်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်သုတအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မိဘများဖြစ်ကြသော ဦးမင်းယုလွင် နှင့် ဒေါ်ဖြူဖြူမြင့် တို့၏
လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းသီရိဇော် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၂၅၈)
အမှတ် (၁၆၃)၊ ပထမထပ်၊ ၃၇–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၉၉၄၂၇

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာနေဦးဇော်ရွှေ [၁၂/တတန(နိုင်) ၀၃၆၄၄၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ–

တွံတေးမြို့၊ ဘုရားကြီးကျေးရွာနေ ဒေါ်ငွေး [၁၂/တတန(နိုင်)၀၃၆၄၄၂]မှ ၎င်းပိုင်ပစ္စည်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စု၊ ဘုရားကြီးကျေးရွာ(မြောက်ပိုင်း)၊ အိမ်အမှတ်(၁၁၂)၊ အလျား(၁၂၅)ပေx အနံ(၁၈၅)ပေ အကျယ်အဝန်းရှိသော မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်တစ်လုံး၊ ရေ/မီးအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ရွှေထံ အပြီးအပိုင်လွှဲပြောင်းပေးကမ်းခြင်း ကတိစာချုပ်အား အသိသက်သေများရှေ့မှောက် တရားဝင်ချုပ်ဆို၍ လွှဲပြောင်းပေးအပ်ထားသည့်အတွက် ယခုအခါ ထိုမြေနှင့် အိမ်မှာ ဦးဇော်ရွှေတစ်ဦးတည်းပိုင်ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သိဂီလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၇၇)
အမှတ်– ၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။
ဖုန်း–၀၉–၅၀၆၄၁၆၈၊ ၀၉–၇၈၅၀၆၄၁၆၈

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြို့မငြိမ်းလမ်း၊ အမှတ်(၂၁၇/က)(၂၁၇/ခ)နေ (၁၈) ဦးကျေနကူး၏သား ဦးရာသေးလ် (၁၈) ဦးစုရပ်ဒေး၏သမီး မာရားတို့၏လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြို့မငြိမ်းလမ်း၊ အမှတ်(၂၁၇/က)(၂၁၇/ခ)နေ (၁၀)ပေx၆၀ပေ ပေရှိမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်တစ်လုံး၊ ရေ/မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခင် မူလဂရန်အမည်ပေါက် ဦးဒီပါတ်ကူးမားထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အရောင်းအဝယ်ကတိစာချုပ်ဖြင့် အသိသက်သေများရှေ့မှောက်တွင် တရားဝင်စာချုပ်ချုပ်ဆို၍ ဝယ်ယူထားသည့်အတွက် ယခုအခါ ထိုမြေနှင့် အိမ်မှာ ဦးရာသေးလ်၊ မာရားတို့ပိုင်ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်သိဂီလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၁၇၇/၂၈–၂–၂၀၁၇)
အမှတ်– ၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။
ဖုန်း– ၀၉–၅၀၄၄၁၆၈၊ ၀၉–၇၈၅၀၆၄၁၆၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် (၁)၊ ဂရုဏာလမ်း၊ အကျယ်အဝန်း (၄၀မေ x ၆၀မေ)။ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေ စာရင်းတွင် **ဦးဟာရှင်** [၁၀/မလမ (နိုင်) ၁၄၃၁၁၃] အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဆာရာသူမီဒါ(ခ)စိန်စိန်ဌေး** [၉/မရမ(နိုင်)၀၀၁၁၅၄]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆာရာသူမီဒါ(ခ)စိန်စိန်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွန်မွန်ချို(LL.B) **ဒေါ်စန္ဒာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆) **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
အမှတ်(၈၂၈/ခ)၊ ကျန်းရွှေဖြိုင်လမ်း၊ (၁၈/စ်)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၁၁)၊ ဂရုဏာလမ်း၊ အကျယ်အဝန်း(၄၀မေ x ၆၀မေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ကေရှိ **ဦးသုခ**(TKI-၀၅၃၀၂၄)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဦးဇော်မင်းထွန်း** [၁၀/မလမ (နိုင်)၀၇၉၆၆၄]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဆာရာသူမီဒါ(ခ)စိန်စိန်ဌေး**[၉/မရမ (နိုင်)၀၀၁၁၅၄]မှ အပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆာရာသူမီဒါ(ခ)စိန်စိန်ဌေး၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွန်မွန်ချို(LL.B) **ဒေါ်စန္ဒာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆) **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
အမှတ်(၈၂၈/ခ)၊ ကျန်းရွှေဖြိုင်လမ်း၊ (၁၈/စ်)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** မြေတိုင်းရပ်ကွက်အမှတ် **၃၉(B)**၊ ဖိုးဝဇီရာလမ်း၊ **မြေကွက်အမှတ်(၁၃၈)၊ အကျယ်အဝန်း (၄၀ မေ x ၆၀ မေ)**ရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးတိန်တိုး (C/RGN-၀၀၆၅၄၆)** အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁) ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း အမည်ပေါက်သူ ကိုယ်တိုင်က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန္တာလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၆၅)
အမှတ် -၃၈၈၊ အေးမြသာယာလမ်း၊ (၃၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၃၂၂၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀

ညှိနှိုင်းစွေးဖြင့် အမြန်ရောင်းမည်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်(၀.၃၂၆)ဧက၊ (၁၄၂၀၈)စတုရန်းပေ နှစ်(၆၀)ဂရန်မြေ၊ လုံးချင်းစိတ်ကြိုက်ဆောက်လုပ်ခန့်နေနိုင်မည့်အပြင် ရေကူးကန်၊ ကစားကွင်းများပါ ထည့်သွင်းတည်ဆောက်နိုင်သည့် မြေအကျယ်ဖြစ်သည်။

သိန်း(၁၂၀၀၀) **ဖုန်း-၀၉-၇၈၉၅၅၉၇၈၉**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ ဘုမ္မာ(၅)လမ်း၊ မြေကွက်အမှတ်(၇၄၇/က)၊ ဧရိယာအကျယ်(၂၀၀၆၀) ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဦးစီးဌာန နှစ်(၆၀) ဂရန်တို့တွင် ဦးမြင့်နိုင်ဦး [၁၄/ကပန(နိုင်)၁၁၀၄၇၃] အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသားကျွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဂရန်အမည်ပေါက်ဦးမြင့်နိုင်ဦးမှ ဝန်ခံကတိပြုလျက်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁)
၀၉-၉၆၇၆၂၆၁၁

ပတ်စ်ပို့ပျောက်

(ဘ)ဦးမြသိန်း၏သား ဦးစန်းထွန်း၀င်း [၁၂/လမန(နိုင်)၀၁၇၄၀၉၉]၏ နိုင်ငံကူးလက်မှတ် YGN-2025 260537 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-5112335

ပတ်စ်ပို့ပျောက်

(ဘ)ဦးခင်ဝင်း၏သမီး ဒေါ်စမ်းစမ်းဝင်း[၁၂/မရက(နိုင်)၀၃၂၇၇၄]၏ နိုင်ငံကူးလက်မှတ် YGN-2025 260538 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph:09-263604532

စာအုပ်စာပေ လူမိတ်ဆွေ

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သံလွင်ကိုယ်ပိုင်ကျောင်း Grade-5 မှ မောင်အုပ်ဖြိုးမောင်နှင့် မိုးသောက်ပန်းကိုယ်ပိုင်ကျောင်း၊ Grade-4 မှ မောင်မြတ်ဘုန်းမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး [၈/ဂဂန(နိုင်) ၁၆၁၆၈၄]ဖြစ်ပါကြောင်း။

ဦးမောင်ထွေး

၂၀ လေ×၆၀ လေ RC ၃ ထပ်တိုက် ရောင်းမည်

၀၀ဇယန္တာလမ်းမအနီး၊ နန္ဒ၀န်ဈေးအနီး၊ ဗြဟ္မစိုရ်လမ်းကျောက်ပ်။ဂရုံအမည်ပေါက်။တောင်ဥက္ကလာ ၆ ရပ်ကွက်၊ မင်းခေါင်၁လမ်း။ 3MB။ GYM ခန်း၊ပန်းခြံ၊ဘုရားခန်း၊EVအားသွင်းစက်၊အဝိစိ+ ဂျိုးဖြူ ရေ။ပါ၀ါ+ရိုးရိုးမိတာ။တိုက်သက်တမ်း ၅နှစ်၊ ထောင့်ကွက် ကား(၄)စီးရပ်နိုင်။

09-43021001 သိန်း(၁၂၅၀၀)ညှိနှိုင်း

"ဦးစိုးပိုင်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း"


ရန်ကုန်မြို့၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-၄၁၊ လူနေရပ်ကွက်အမှတ်-တ/၁၅ ရပ်ကွက်၊ ပန်းခြံ(၁၀)အတွင်းလမ်း၊ ခြံအမှတ်-၁၂၅(က)၏ အလျားxအနံ ၁၀' x ၆၀' ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်အပါအဝင် ဂရု မီးဓိတာတို့အား (ဦးလှထွန်းပါ၃) အမည်ပေါက် ပါမစ်မူရင်းနှင့်အတူ ဆက်စပ်စာချုပ်များဖြင့် (၂၀၂၄ ခုနှစ်၊ ၁၀လပိုင်းတွင်) ဒေါ်စိုးစိုးရီထံမှ ဦးစိုးပိုင်[၁၂/လသယ(နိုင်)၀၁၀၀၇၁]အမည်ဖြင့် ဝယ်ယူစာချုပ်ချုပ်ဆိုခဲ့ပြီး အိမ်ငှား ငှားထားခဲ့ရာ (၂၀၂၅ ခုနှစ်၊ ၁လပိုင်း ၂၀ ရက်နေ့)ညတွင် အဆိုပါပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ပါမစ်မူရင်းများအားလုံး ပျောက်ဆုံးပျောသွားခဲ့ကြောင်းကို ယခုပြန်လည်ရောင်းချထားသော အိမ်ငှားနေထိုင်သူ ဦးတင်ထွန်း[ဦးတို့ ဇနီးမောင်နှံမှ အလုံးစုံသိရှိပြီးဖြစ်၍ ပြန်လည်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေခြင်းကို (၂၄-၃-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏စာမျက်နှာ(၂၇)၌ ကြေညာထားပြီးဖြစ်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးပိုင်အနေဖြင့် ယနေ့မှစ၍ နောင်အချိန်ကာလတွင် အဆိုပါခြံမြေနှင့်ပတ်သက်သော ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို ယူဆောင်လာပြီး ပိုင်ဆိုင်ပါသည်ဟုပြောဆိုလာပါက ၎င်းအနေဖြင့် ဦးတင်ထွန်းဦးတို့ဇနီးမောင်နှံ ကိုသာ ရောင်းချထားခြင်းသာရှိ၍ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမှ ပေါင်နှံထားခြင်း၊ လွှဲပြောင်းရောင်းချထားခြင်း အလျဉ်းမရှိပါသောကြောင့် လာရောက်ခဲ့ပါက ပိုင်ရှင်အစစ်အမှန် မဟုတ်ကြောင်း၊ မိမိသာပိုင်ရှင်အစစ်အမှန်ဖြစ်ကြောင်း၊ ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစံဝယ်ထွေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၉)
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၉၇၄၁၃၃၂၂၊ ၀၉-၄၂၀၃၇၈၄၄၃

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဖြူဝေ [၁၂/ကတန(နိုင်)၁၃၅၅၈၃] ကိုင်ဆောင်သူသည် ဦးကျော်နိုင် [၁၂/ကတန(နိုင်)၀၇၄၆၅၅] ကိုင်ဆောင်သူ၏ တရားဝင်ဇနီးဖြစ်ပြီး တရားဝင်ဥပဒေနှင့်အညီ ကွာရှင်းပြတ်စဲထားခြင်း မရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေပြည်သာယာရပ်ကွက်ရှိ ခြံကွက်အမှတ် - ၆၈၅ ဖြစ်သော အလျား x အနံ (၄၀ x ၆၀) ပေ အိမ်ခြံမြေကွက်နှင့် ၎င်း မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော လုံးချင်းတိုက်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် နှင့် 2I - 2673 Express VIP - TRAVELLING မော်တော်ယာဉ် (၁) စီးတို့မှာ လက်ထပ်ပွဲတစ်ခုညီးများဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာဖြူဝေ သိရှိသဘောတူညီခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ အပါအဝင် မည်သူမျှ အခြားသူတစ်ဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ လျှုဒါန်းခြင်းအပြင် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အခြားမည်သည့်ကိစ္စမျှ တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သည့်မည်သူကိုမဆို ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဇာဖြူဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကေခိုင်ဦး LL.B,LL.M
တရားလွှတ်တော်ရှေ့နေ (စဉ် -၈၈၄၃)
အမှတ် - ၁၄၃၊ ဒုတိယထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၀၃၂၀၀၅



မောင်နိုင်ဇင်ဦး [၁၂/ရဟသ (နိုင်) ၀၅၆၈၇၀] နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၁၃၆(က) နေ **ဦးသော်ဇင်** နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ကမရ(နိုင်)၀၃၆၈၂၈] နှင့် **ဒေါ်သန်းသန်းဦး**၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ကမရ(နိုင်)၀၂၆၇၂၃] ကိုင်ဆောင်သူတို့၏ ညွှန်ကြားချက်အရ ကြေညာသည်မှာ -

အထက်ဖော်ပြပါ ဦးသော်ဇင်နှင့် ဒေါ်သန်းသန်းဦးတို့၏ သားအရင်းဖြစ်သူ မောင်နိုင်ဇင်ဦး၊ အသက် (၃၄)နှစ်သည် မိဘများ၏ ပြောဆိုဆုံးမသည်များကို နာခံခြင်းမရှိ **"မိဘညစ်ကို မနာခံ မိဘအား ရန်သူသဖွယ်ပြုမူဆက်ဆံသည့်အပြင်"** လွန်ခဲ့သော (၂၄-၂-၂၀၂၅)နေ့တွင်လည်း ဖော်ပြပါ မိဘနှစ်ပါး၏ အသက်အန္တရာယ်ကိုပါ အန္တရာယ်ရှိစေနိုင်သည့် ဖြစ်သည်အထိ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်း၊ နှုတ်ဖြင့်လည်းကောင်း၊ လက်ဖြင့်လည်းကောင်း၊ အကြိမ်ကြိမ်ကျူးလွန်စော်ကားခြင်းတို့ကြောင့် အဆိုပါ (၂၅-၂-၂၀၂၅)နေ့မှစ၍ **"သွာနုတ္ထာသား"**အဖြစ် ကြေညာ၍ အမွေစားအမွေခံအဖြစ်မှ ထုတ်ပယ်စွန့်လွှတ်ပြီးဖြစ်ပါသည်။

၎င်း မောင်နိုင်ဇင်ဦးနှင့် စပ်လျဉ်း၍ ဖော်ပြပါ မိဘများမှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

ညွှန်ကြားချက်အရ -
လှမြင့် (မင်းတုန်း) စဉ်-၁၃၁၅/၇၂) တရားလွှတ်တော်ရှေ့နေ
အမှတ်(၂၇/၂၉)၊ ဒုတိယထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၇၄၄၆၂၁၀၀

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၃၇၃)၊ မြေအကျယ်အဝန်း (အလျား ၄၀မေ x အနံ ၆၀မေ)၊ မြေဧရိယာ (၂၄၆၀)စတုရန်းပေရှိ ဦးကလား (EME-၀၃၁၄၄၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မဲခွဲစိတ်ရသေးသည့် ခြေရင်းဘက်အခြမ်းဖြစ်သည့် အိမ်အမှတ် (၃၇၃)၊ မြေအကျယ်အဝန်း (အလျား ၂၀မေ x အနံ ၆၀မေ)၊ မြေဧရိယာ (၁၂၀၀)စတုရန်းပေရှိ မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်မိဘများကွယ်လွန်သဖြင့် သမီးများ ဖြစ်ကြသည့် ၁။ နော်ခင်မွေ(ခ)နော်ခင်မေထိုက် [၁၂/အလန(နိုင်) ၀၃၇၉၃၃] ၂။ ဒေါ်ရွှေထွန်း [၁၂/ဒဂမ(နိုင်)၀၁၉၃၁၈] ၃။ ဒေါ်ပပထွန်း [၁၂/ဒဂမ(နိုင်)၀၁၉၃၀၉] တို့မှ လက်ရှိ အမွေဆက်ဆံ ပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ် မူရင်းအား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြတ်သန္တာစော် (LL.B, D.IT) ဒေါ်ဝါဝါထွန်း(LL.B) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၂) **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၆၃)**
အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ (၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၂၀၅၀၄၁၂၂၊ ၀၉-၇၈၆၃၀၆၁၀၀၈ **အမှတ်(၁၂၅၆)၊ ဗိုလ်ချိုလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၂၃၀၉၄၀၀၊ ၀၉-၂၂၉၀၉၄၇၀၉၄**

ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ကူဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့် အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၂၃-သုဝဏ္ဏရပ်ကွက်၊ ခရေပင်လမ်းသွယ်၊ အမှတ် -၂၂၄ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦတို့အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြသူများထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးစာချုပ်များဖြင့်ချုပ်ဆို၍ စရန်ငွေများပေးအပ်ခဲ့ရာ စုစုပေါင်းစရန်ငွေကျပ်သိန်း (၁၇၀၅၀)ကို ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ပြုလုပ်ခဲ့သည့် အဆိုပါမြေကွက်နှင့် အဆောက်အဦအတွက် ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် အဆောက်အဦအား ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးသန်းလှိုင်(ဥပဒေတွဲ)
တရားလွှတ်တော်ရှေ့နေ/စဉ်-၇၃၅၆/(၈-၂-၂၀၀၅)
အမှတ်(၉/၁၁)-မြေညီ၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၂၆၂၇

"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆.F၊ မြေကွက်အမှတ်- ၂၈ (D)၊ ဧရိယာ(၀.၀၂၈) ဧကရှိ ဒေါ်သွယ်သွယ်အောင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သွယ်သွယ်အောင်[၈/သရန(နိုင်)၀၀၅၆၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ခန့်လင်း [၁၂/ဒဂရ(နိုင်)၀၁၈၆၈၃]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မျိုးဝင်း (LL.B)	**ဦးရန်နိုင်စိုး(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၀၈)	**အထက်တန်းရှေ့နေ (စဉ်-၅၃၆၈၀)**

အမှတ်-၁၀/၁၊ (ပထမထပ်)(ဘီ-၂)၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၇၅၁၉၂၈

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၇၂)၊ အကျယ်အဝန်း (၄၀)ပေ x (၆၀)ပေရှိ ဦးညွန့်စိန် [၁၂/ဒဂန(နိုင်) ၀၀၈၉၄၃] အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဦးရဲဇော်[၇/ပမန(နိုင်)၃၇၃၉၀၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆွေဆွေသန်း (LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၂၇၀)
အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၀၀၊ (Viber) ၀၉-၇၉၅၅၅၂၁၇၈

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၄)၊ မြေကွက်အမှတ်(၁၀၃၂)၊ အကျယ်အဝန်း (၄၀)ပေ x (၆၀)ပေရှိ ဦးမျိုးမြင့် (A/RGN-၀၀၅၉၇၉)အမည်ပေါက် ပါမစ်မြေကွက် အပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းအောင် [၉/သဝရ(နိုင်)၀၀၀၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆွေဆွေသန်း (LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၂၇၀)
အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ အခန်း (A-7/8)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၅၇၀၀၊ (Viber) ၀၉-၇၉၅၅၅၂၁၇၈

"အမှားပြင်ဆင်ချက်"

(၂၅-၄-၂၀၂၅)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)၏ တရားလွှတ်တော်ရှေ့နေ ဦးဇင်သင်းအောင်နှင့် ဒေါ်ယမင်းလတ်တို့၏ အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ စစ်ကိုင်း(၂၆)လမ်း၊ တိုက်အမှတ်(၇၁၂)၊ ၅-လွှာ(ခြေရင်းခန်း) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြီး
မြန်
သစ်
ပင်
စိုက်
ပျိုး
လျှင်
စွမ်း
အင်
လည်း
ရ
ပြည်
လည်း
လှ

အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၆ E၊ မြေကွက်အမှတ်(၈၉ ဘီ/၁ + ၈၉ ဘီ/၂) အေ-၁၊ ဧရိယာ(၀.၀၄၅)ဧကရှိ မြေပိုင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၇/ဒီ)၊ သံလွင်လမ်း(အတွင်းလမ်း)၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မိုးထက်[၁၂/ဒဂန(နိုင်)၀၃၂၅၃၈]နှင့် ဦးအေးချမ်းဇော်[၁၂/ဒဂန(နိုင်)၀၃၅၀၀၅]တို့ (၂)ဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ **ဒေါ်သီဂီဦး [၁၂/ဒဂန(နိုင်)၀၂၀၁၈၆]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ မြေကွက်အမှတ်(၁၀၈)ပေါ်တွင် ဆောက်လုပ်မည့် (၆)ထပ်တိုက်၏ ၅လွှာ (စတုတ္ထထပ်)၊ အကျယ်အဝန်း(အလျား၂၃ပေxအနံ၄၈ပေ)ရှိကြိုပွိုင့် ရောင်းချသောတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဒေါ်သန္တာစိုး[၇/အဖန(နိုင်)၁၁၃၅၇၁]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးထွန်း [၁၀/မဒန(နိုင်)၁၆၇၅၈၇]က အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မျိုးထွန်း ၏လွှဲအပ်ချက်အရ –

ဒေါ်အေးမြသီတာ LL.B	**ဒေါ်အေးသန္တာမင်းအောင် LL.B,D.B.L**
(စဉ်-၁၁၉၀၁)	**(စဉ်-၁၁၉၀၄)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
ဖုန်း-၀၉-၄၂၁၁၄၀၃၂၉ ၊ ၀၉-၄၂၀၇၂၄၉၄

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ(၄)လမ်း နှင့်ဇဋ္ဌိလလမ်းမကြီးထောင့်၊ အမှတ်(၇၉၃)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ ခြေရင်း၊ ညာ၊ (၁၇x၅၄)ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်ဝေဝေမွန်[၁၂/ဒဂရ(နိုင်)၀၁၄၆၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်ချစ်နိုင် [၁၂/ရပသ(နိုင်)၀၆၂၀၀၀]က အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဉာဏ်မင်းထက် (LL.B)	**ဒေါ်ယုဇနကို(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)	**အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**

အမှတ်(၂၈၀/ခ)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၃/၁၄၅) (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၄)လွှာ/ညာ၊ အခန်းအမှတ်(၈) တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို ဦးဇော်ဝင်းနိုင် (၁၂/အလန(နိုင်)၀၁၉၆၁၀)က ပိုင်ဆိုင်ပြီး မြေရှင်အသိအမှတ်ပြု အမည်ပေါက်ပါသည်။ ဦးဇော်ဝင်းနိုင်က တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ နေထိုင်ခွင့်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ တိုက်ခန်းကို မြေရှင်အသိအမှတ်ပြု၍ ဝယ်သူအမည်ပြောင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစိတ်တဒေသကို ပထမအရစ်ရောင်းဖိုးငွေအဖြစ် ကျွန်ုပ်၏မိတ်ဆွေက ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဒေါ်စန္ဒာသိန်း (LL.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၈)
တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

"အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ (၃၇-လမ်း)၊ မြေတိုင်းရပ်ကွက်အမှတ်_F2 ၊ မြေကွက်အမှတ်- V၁၊_V၂၊_V၃၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ မြေပိုင်မြေဟုခေါ်တွင်သော အမှတ်(၁၄၂)(၁၄၄)(၁၄၆)၊ မြေကွက်အမှတ် V၄၊ အကျယ်အဝန်း (၈ပေx၅၀ပေ)ရှိ မြေပိုင်မြေဟုခေါ်တွင်သော(မြေပိုင်)မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ **Ibrahim Muhammad Baggi** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြတ်မူ [၁၂/တမန(နိုင်)၀၇၂၃၀၁]သည် **"နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"** ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြတ်မူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မင်းမင်းစိုး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၅၁၄)
ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်မင်္ဂလာလမ်း၊ အောင်သိဒ္ဓိရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၆၉၂၂၅၉၄၅၇၊ ၀၉-၇၅၀၁၁၁၀၉၅

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကံရွာကျေးရွာနေဦးကြည်အောင်[၁၂/တတန(နိုင်)၁၅၉၇၅၉]၊ မောင်စိုးသူရအောင်[၁၂/တတန(နိုင်)၂၄၄၅၆၀]၊ မစိုးစန္ဒာထွန်း[၁၂/တတန(နိုင်)၂၈၂၈၃၀] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

တွံတေးမြို့၊ ကံရွာကျေးရွာနေ ဦးအောင်သန်း [၁၂/တတန(နိုင်)၀၉၇၇၆၄] မှ ၎င်းပိုင်ပစ္စည်းဖြစ်သော ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကံရွာကျေးရွာအုပ်စု၊ ကံရွာကျေးရွာ၊ အရှေ့အလားသော်-ရွာလမ်း၊ အနောက်လားသော်-သောက်ရေကန်၊ တောင်လားသော်-ဒေါ်အေးငွေအိမ်၊ မြောက်လားသော်-လမ်းသွယ်တို့၏ အလားအလာတွင်ရှိသော အလျား(၄၀)ပေxအနံ(၁၂၀)ပေ အကျယ်အဝန်းရှိသော မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်တစ်လုံး၊ နောက်ဖေးပျဉ်ထောင်အဆောက်အဦ၊ ရေ/မီး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကြည်အောင်၊ မောင်စိုးသူရအောင်၊ မစိုးစန္ဒာထွန်းတို့ထံ အပြီးအပိုင် လွှဲပြောင်းပေးကမ်းခြင်း ကတိစာချုပ်အား အသိသက်သေများရှေ့မှောက် တရားဝင်ချုပ်ဆို၍ လွှဲပြောင်းပေးအပ်ထားသည့်အတွက် ယခုအခါ ထိုမြေနှင့်အိမ်မှာ ဦးကြည်အောင်၊ မောင်စိုးသူရအောင်၊ မစိုးစန္ဒာထွန်းတို့ ပိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သိင်္ဂီလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၇၇/၂၈-၂-၂၀၁၇)
အမှတ်-၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။
ဖုန်း-၀၉-၅၀၄၄၁၆၈၊ ၀၉-၇၈၅၀၄၄၁၆၈

ရောင်းချရန် ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

၁။ ဦးဇော်ရဲနိုင်[ကိုယ်တိုင်နှင့် (၂)တရားနိုင်၏ အခွင့်ရကိုယ်စားလှယ်]	နှင့် ၁။ ဦးသိန်းထွန်း
	၂။ ဒေါ်ဂျင်မီ
၂။ ဒေါ်နန်ဂျာ	၃။ ဦးသန့်စင်
တရားနိုင်များ	**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၇ တွင် ရရှိခဲ့သော အနိုင်ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းများကို ၂၀၂၅ ခုနှစ်၊ မေလ(၃၀)ရက်နေ့၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်) နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းများ တည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲ ဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း ၊ တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည် အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲ ဝယ်ယူသူက ငွေကျပ်(၁၀၀)လျှင် (၂၅)ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်း ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲ ဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲ ဝယ်ယူခွင့်ရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင် ရောင်းချသည့်နေ့ကိုပယ်၍ (၁၅) ရက်မြောက်နေ့ ရုံးဆင်းချိန် မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(မိုးသင်းအောင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပစ္စည်းစာရင်း

"ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ လှူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၃/ဘီ၊ မြေအမျိုးအစား(ဘီ)၊ ဘိုးဘွားပိုင်မြေ၊ ဧရိယာ(၂.၅၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်"

လေလံကြမ်းခင်းဈေး ငွေကျပ် ၃၃,၀၀၀,၀၀၀,၀၀၀ (ကျပ်သိန်းပေါင်းသုံးသိန်းသုံးသောင်းတိတိ)



အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၇ ကံဘဲ့၊ မြေကွက်အမှတ် - ၆/က-Bi ဧရိယာ(၀.၀၄၄)ကေရို နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၂/က)၊ မာလာမြို့ငြိလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည် အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်သော **ဒေါ်ဖြူဖြူသန့် [၁၄/မဓက(နိုင်)၁၁၄၃၁၃] နှင့် ဦးရဲလင်းသိဂိ် [၁၂/မဂတ(နိုင်)၀၉၉၇၀၆]** တို့ (၂)ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သီတာအုန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

အများသိစေရန်ကြေညာခြင်း

Myanmar Fiber Optic Communication Network Co., Ltd. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်-

